ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၉ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် )**

**[ကြာသာပတေးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၀၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၈-၁၂-၂၀၁၆ရက်နေ့မှာ အစည်းအဝေး သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါ တယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အာမကတိကော်မတီ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတက်ရောက်ရန်။ ဦးမင်းဆွေနိုင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)၊ ဇွင်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဇွင်းအတိုင်း။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဇွင်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဇွင်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဇွင်းအတိုင်း။ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဇွင်းအတိုင်း။ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဇွင်းအတိုင်း။ ဦးပြုးလွင်၊ မကွေးတိုင်းတိုင်း ဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)၊ဇွင်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဇွင်းအတိုင်း။ ဦးလှမြင့်သန်း(ခ)ဦးလှမြင့်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)၊ ဇွင်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဇွင်းအတိုင်း။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ ဇွင်းအတိုင်း။ ဦးဋ္ဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဇွင်းအတိုင်း။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဇွင်းအတိုင်း။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ မော်လိုက်မြို့တည်၊ ရာပြည့်ပွဲတော်တက်ရောက်ရန်။ ဦးညီညီထွေး(ခ)ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဇွင်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ဇွင်းအတိုင်း။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးနှင့် ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ (၂၂)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အထက်တန်းရှေ့နေလိုင်စင်သက်တမ်း တိုးရာတွင် သက်တမ်းတိုးနောက်ကျခဲ့သော အထက်တန်းရှေ့နေများအား မြို့နယ်တရားရုံး(၅)ရုံးမှ တရားသူကြီး(၅)ဦး၏ ထောက်ခံချက်ပေးမှသာ လိုင်စင်သက်တမ်းတိုးပေးနေသော စနစ်အား ပြောင်းလဲပြင်ဆင်ပေးရန်နှင့် ရှေ့နေလိုင်စင် သက်တမ်းတိုးရာတွင် တစ်နှစ်တစ်ခါ ပုံမှန်သက်တမ်းတိုးခြင်းမဟုတ်ဘဲ (၂)နှစ် သို့မဟုတ် (၃)နှစ်တစ်ခါ သက်တမ်းတိုးစနစ်သို့ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က အထက်တန်းရှေ့နေ လိုင်စင်သက်တမ်းတိုးရာတွင် သက်တမ်းတိုးနောက်ကျခဲ့သော အထက်တန်းရှေ့နေများအား မြို့နယ်တရားရုံး(၅)ရုံးမှ တရားသူကြီး(၅)ဦး၏ ထောက်ခံချက်ပေးမှသာ လိုင်စင်သက်တမ်းတိုးပေးနေသောစနစ်အား ပြောင်းလဲပြင်ဆင်ပေးရန်နှင့် ရှေ့နေလိုင်စင် သက်တမ်းတိုးရာတွင် တစ်နှစ်တစ်ခါ ပုံမှန်သက်တမ်းတိုးခြင်းမဟုတ်ဘဲ (၂)နှစ် သို့မဟုတ် (၃)နှစ်တစ်ခါ သက်တမ်းတိုးစနစ်သို့ ပြောင်းလဲပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်ဖြစ်သူ ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ အထက်တန်းရှေ့နေလိုင်စင် သက်တမ်းတိုးခြင်းစနစ်အား ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တန်းရှေ့နေလိုင်စင် သက်တမ်းတိုးရာတွင် အကြောင်းအမျိုးမျိုးကြောင့် သက်တမ်းတိုးချိန်နောက်ကျခဲ့လျှင် ယခုလက်ရှိအမှုလိုက်ပါဆောင်ရွက်ခြင်း လုံးဝမရှိပါကြောင်း မြို့နယ်တရားရုံး(၅)ရုံးမှ တရားသူကြီး(၅)ဦး၏ ထောက်ခံချက်ပေးမှသာ တိုးပေးတာဖြစ်တဲ့အတွက် ဒီဟာက အမှန်ဆိုရင် မြို့နယ်တရားသူကြီးတွေရဲ့ အမှုမလိုက်ပါဘူးဆိုတဲ့ ထောက်ခံချက် ပေးရုံနဲ့တော့ လုံလောက်တာ မဟုတ်ပါဘူး။ သို့သော်လည်း ဒီ ရှေ့နေတစ်ဦးဟာ အမှုပုံမှန်လိုက်တဲ့ အထက်တန်းရှေ့နေတစ်ဦးဟာရှိလျှင် သူတို့ဘယ်အချိန်မှာ လိုင်စင်သက်တမ်းတိုးမယ်၊ ဘယ်အချိန်မှာဆိုတာ သူတို့အားလုံးအသိပဲ ဖြစ်ပါတယ်။ အမှုပုံမှန်လိုက်ရန်အတွက် အမှုလက်ခံထားခြင်းမရှိသော ရှေ့နေများသာ ဒီအခက်အခဲကို အမြဲတမ်းကြုံနေကြရတာ ဖြစ်ပါတယ်။ ဥပမာတစ်ခုပြောမယ်ဆိုလို့ရှိရင် ကျွန်တော်ကိုယ်တိုင် ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲ အချိန်တုန်းက ကျွန်တော်သက်တမ်းတိုးဖို့ အချိန်မမီခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မဲဆန္ဒနယ်မှာ စည်းရုံးရေးကာလဆင်းတဲ့အတွက် ဒီလိုအတွေ့အကြုံကို ကြုံခဲ့ဖူးပါတယ်။ အဲဒီမှာ သက်တမ်းတိုးဖို့ ပြန်လုပ်တဲ့အချိန်မှာ မြို့နယ်တရားရုံး(၅)ရုံးကို သွားပြီးမှ မြို့နယ်တရားသူကြီး(၅)ဦးရဲ့ ထောက်ခံချက်ကို ယူရပါတယ်။

ဒီလိုသွားတဲ့အချိန်မှာ Taxi ခနဲ့ ပြီးတော့မှ တရားရုံးတွေမှာ ငွေကြေးတစ်စုံတစ်ရာ ပေးဖို့ မလိုပါဘူး။ ဘေးမှာ စာကပ်ထားသော်လည်း တချို့တရားရုံးတွေမှာ စေတနာရှိသလောက်ဆိုတဲ့ အလှူငွေထည့်ဝင်စေခြင်းအားဖြင့် ကျပ်(၉၀၀၀၀)ကျော်ခန့် ကုန်ကျခဲ့ပါတယ်။ ဒီဟာက ကျွန်တော်ဟာ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှာ ရှေ့နေလိုင်စင်ဝင်ထားတဲ့အတွက် ဒီဟာက ကုန်ကျစရိတ် အသက်သာဆုံးလို့ ဆိုရမှာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ရန်ကုန်မြို့မှာက မြို့နယ်တစ်ခုနှင့်တစ်ခု နီးကပ်စွာတည်ရှိတယ်။ ပြီးတော့ တရားရုံးတစ်ခုနဲ့တစ်ခုကလည်း နီးကပ်စွာ တည်ရှိနေတဲ့အတွက် ဒီဟာက အသက်သာဆုံးဖြစ်ပါတယ်။ တကယ်လို့များ လမ်းပန်းဆက်သွယ်ရေး အင်မတန်မှခက်ခဲ့တဲ့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာဆိုလို့ရှိရင် ဥပမာ ချင်းပြည်နယ်တို့လို၊ ကချင်ပြည်နယ် မြောက်ပိုင်းတို့လို၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့လို နေရာမျိုးမှာဆိုရင်တော့ လမ်းစရိတ်သက်သက်နဲ့ တင်သိန်းဂဏန်း ကုန်ကျမှာဖြစ်တဲ့အပြင် အချိန်လည်း အများကြီးပေးဆပ်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ငွေကြေးသိန်းဂဏန်း ကုန်ပေမယ့်လည်း ဒီ နိုင်ငံတော်ဘဏ္ဍာငွေထဲမှာ တစ်ပြားတစ်ချပ်မှ ဝင်မှာ မဟုတ်ပါဘူး။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားဥပဒေစိုးမိုးမှု အားနည်းနေသည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေနှင့်အညီ ပြည်သူလူထု အတွက် အမှုလိုက်ပါဆောင်ရွက်ပေးနေသော ဥပဒေဘက်တော်သား ရှေ့နေများ များစွာပေါ်ပေါက် လာစေရေးအတွက် လူတိုင်းနီးပါး ကိုင်ဆောင်လို့ရသော ယာဥ်မောင်းလိုင်စင်ကဲ့သို့ (၂)နှစ် သို့မဟုတ် (၃)နှစ်သက်တမ်းရှိသော စနစ်ကို အထက်တန်းရှေ့နေများအားလုံးက လိုလားနေကြပါတယ်။ လေးစား ရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ သက်တမ်းတိုးခြင်းစနစ်ကို မြို့နယ်တရားရုံး(၅)ရုံးမှ တရားသူကြီး (၅)ဦး၏ ထောက်ခံချက်ဖြင့်သာ သက်တမ်းတိုးမယ့်အစား နောက်ကျကြေးအဖြစ် နိုင်ငံတော်သို့ အခွန်ပေးဆောင်စေခြင်း သို့မဟုတ် တခြားစနစ်သို့ ပြောင်းလဲပေးရန်နဲ့ သက်တမ်းတိုးရာတွင်လည်း တစ်နှစ်တစ်ခါ ပုံမှန်သက်တမ်းတိုးခြင်းမျိုးမဟုတ်ဘဲနဲ့ ယာဥ်မောင်းလိုင်စင်ကဲ့သို့ (၂)နှစ် သို့မဟုတ် (၃)နှစ်သက်တမ်းစနစ်သို့ ပြောင်းလဲပေးရန် အစီအစဥ် ရှိ/မရှိ မြန်မာတစ်နိုင်ငံလုံးရှိ အထက်တန်း ရှေ့နေများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိ ပုဂ္ဂိုလ်များသို့ လေးစားစွာ မေးမြန်းတင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်

တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့် နည်းဥပဒေ ၁၈ မှာ အထက်တန်းရှေ့နေတစ်ဦးအား နောင်လာမည့်ပြက္ခဒိန်နှစ်မှာ ဆက်လက်ပြီးတော့ အမှုလိုက်ပါဆောင်ရွက်ဖို့ ဆန္ဒရှိမယ်ဆိုရင် မိမိရဲ့ သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ရန်အတွက် အဲဒီ့နေ့မတိုင်မီ ထိုနေ့အောက်တိုဘာလ ၁ ရက်နေ့ မှာဖြစ်စေ၊ အဲဒီနေ့မတိုင်မီမှာဖြစ်စေ သက်တမ်းတိုး လျှောက်ထားရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီတော့ အထက်တန်းရှေ့နေလိုင်စင်သက်တမ်းတိုးရန်ကာလကို အောက်တိုဘာလ ၁ ရက်နေ့တွင် နည်းဥပဒေနှင့်သတ်မှတ်ထားတာဖြစ်တဲ့အတွက် အထက်တန်းရှေ့နေများအနေနဲ့ ဒီသတ်မှတ်ချက်ကို သိရှိပြီးဖြစ်တယ်လို့ ဥပဒေအရ သိရှိပြီးဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တန်းရှေ့နေတစ်ဦးအား သတ်မှတ်ထားတဲ့အောက်တိုဘာလ ၁ ရက်နေ့မှာ ဖြစ်စေ၊ ဒါမှမဟုတ် အဲဒီ့နေ့မတိုင်မီမှာဖြစ်စေ လိုင်စင်သက်တမ်းတိုးလျှောက်ထားခဲ့မယ်ဆိုရင်တော့ မြို့နယ်တရားရုံး(၅)ရုံး မြို့နယ်တရားသူကြီး(၅)ဦးရဲ့ ထောက်ခံစာကို ပူးတွဲတင်ပြဖို့ လိုအပ်မှာ မဟုတ်ပါဘူး။ သို့သော်လည်းပဲ အထက်တန်းရှေ့နေတစ်ဦးအား သတ်မှတ်တဲ့နေ့ရက်အတွင်းမှာ လျှောက်ထားရန် ပျက်ကွက်ခဲ့မယ်ဆိုရင်တော့ ၎င်းကိုင်ဆောင်ခွင့်ရတဲ့ အထက်တန်းရှေ့နေလိုင်စင် သက်တမ်းကုန်ဆုံးနေတဲ့ကာလအတွင်းမှာ တရားရုံးများမှာ အမှုလိုက်ပါဆောင်ရွက်ခွင့် မရှိပါဘူး။ ဒါကြောင့် အဲလိုအမှုလိုက်ပါဆောင်ရွက်ရင်လည်း ဥပဒေနှင့်ညီညွတ်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ အရေးယူခြင်းခံရမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီသက်တမ်းတိုးဖို့အတွက် ပျက်ကွက်နေတဲ့ ကာလအတွင်းမှာ အမှုလိုက်ပါဆောင်ရွက်ခြင်းမရှိကြောင်းကို သက်ဆိုင်ရာတရားရုံးများရဲ့ ထောက်ခံချက် ကို တင်ပြရခြင်းဖြစ်ပါတယ်။ အဲဒီလိုထောက်ခံချက်တင်ပြတဲ့နေရာမှာ ကျွန်တော်တို့ မြို့နယ်တရားရုံး (၅)ရုံးလို့ သတ်မှတ်ထားခြင်းဟာလည်း တချို့ခရိုင်တွေမှာတော့ မြို့နယ် (၅)မြို့နယ်ထက်များတဲ့ ခရိုင် တွေရှိသော်လည်းပဲ မြို့နယ်တရားရုံး(၅)ရုံးရဲ့ ထောက်ခံချက်ကိုပဲ တင်ပြစေခြင်းဖြစ်ပါတယ်။ တချို့ခရိုင် တွေမှာတော့ မြို့နယ်(၂)မြို့နယ်၊ (၃)မြို့နယ်နဲ့ (၁)ခရိုင်ဖြစ်တဲ့ ခရိုင်တွေရှိပါတယ်။ အဲဒီလို ခရိုင်များမှာ ဆိုရင်တော့ ကျွန်တော်တို့က (၂)ခရိုင်၊ မြို့နယ်တရားရုံး(၂)ရုံး သို့မဟုတ် (၃)ရုံးက တရားသူကြီးရဲ့ ထောက်ခံချက်နဲ့ တင်ပြလာခြင်းကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခွင့်ပြုလျက်ရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအမှု လိုက်ပါဆောင်ရွက်ခြင်းမရှိကြောင်း ထင်ရှားအောင် မြို့နယ် တရားရုံး(၅)ရုံးရဲ့ ထောက်ခံချက်ကို ပူးတွဲတင်ပြရတာဖြစ်တဲ့အတွက် သက်တမ်းတိုးနောက်ကျသူများကို တရားရုံး(၅)ရုံးက တရားသူကြီး(၅)ဦးရဲ့ ထောက်ခံစာနှင့် သက်တမ်းတိုးမယ့်အစား နောက်ကျကြေးအဖြစ် နိုင်ငံတော်သို့ အခွန်ပေးဆောင်စေခြင်း၊ ဒါမှမဟုတ်ရင်လည်း အခြားစနစ်ဖြင့်ပြောင်းလဲအစားထိုးပြီးတော့ သက်တမ်းတိုးခြင်းစနစ်ကို ပြောင်းလဲပေးဖို့ဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ မဖြစ်နိုင်ပါကြောင်းနဲ့ အဲဒီလို ပြောင်းလဲရန် အစီအစဉ်လည်း မရှိသေးပါကြောင်း ပထမဦးစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအချက်နဲ့စပ်လျဉ်းပြီးတော့ ဒီ ၁၉၅၅ ခုနှစ်၊ ရှေ့နေအဖြစ် ဝင်ခွင့် နည်းဥပဒေ ၁၈ မှာပဲ

ဒီသက်တမ်းတိုးမယ့်ကိစ္စကို နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့မှာ တိုးရမယ်လို့ နည်းဥပဒေနဲ့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်ဟာ ယခုအချိန်အထိ တည်ဆဲနည်းဥပဒေဖြစ်နေတဲ့အတွက် ဒီပြဋ္ဌာန်းချက် အတည်ဖြစ်နေတဲ့အတွက် နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့မှာ သက်တမ်းတိုး လျှောက်ထားရခြင်းဖြစ်ပါတယ်။ ဒါကြောင့် (၂)နှစ် သို့မဟုတ်(၃)နှစ်တစ်ခါ သက်တမ်းတိုးဖို့အတွက် ပြင်ဆင်မယ်ဆိုရင်တော့ နည်းဥပဒေကို ပြင်ဆင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ အခုအချိန်အခါမှာတော့ ကျွန်တော်တို့ နည်းဥပဒေကို ပြင်ဆင်ရန်အတွက် လုံလောက်တဲ့အကြောင်းများ မတွေ့ရသေးပါဘူး။ ဒါကြောင့် အခုလက်ရှိအခြေအနေအရ ဒီလိုင်စင်သက်တမ်းတိုးတာကိုလည်း (၁)နှစ်အစား (၂)နှစ် သို့မဟုတ်(၃)နှစ်လို့ ပြင်ဆင်ဖို့လည်း အစီအစဉ်မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တောင်ကြီး၊ ဟိုပုန်း၊ ရပ်စောက်(၃)မြို့နယ် ဆက်စပ်ဒေသမှ ပြည်သူများ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ လာမည့် ဘဏ္ဍာရေးနှစ်တွင် အမြန်စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ က တောင်ကြီး၊ ဟိုပုန်း၊ ရပ်စောက်(၃)မြို့နယ် ဆက်စပ်ဒေသမှ ပြည်သူများ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ လာမည့်ဘဏ္ဍာရေးနှစ်တွင် အမြန်စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးခွန်သိန်းဖေ၊ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ အားလုံးမင်္ဂလာပါ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ်မြောက်ခြမ်းရှိ မိုင်းပျဉ်း၊ လဲသက်၊ မိုင်းလန်း၊ နားတစ်၊ နမ်းပါခီး၊ နားပုံ၊ စနင်းဖောင်းဆိုင် ကျေးရွာအုပ်စုများနှင့် တောင်ကြီးမြို့နယ် မြောက်ခြမ်းရှိ ဘန်းကွေး၊ နမ်းဟူး၊ လွယ်တော်၊ နန်းဟောင်းကျေးရွာအုပ်စုများ၊ ရပ်စောက်မြို့နယ်အတွင်းရှိ ယမ်းတွင်းငါးကြောင်၊ ဟွေးအုပ်စုများအတွင်းရှိ ကျေးရွာများသည် ဆက်စပ်လျက်ရှိပြီး စိုက်ပျိုးမြေ အမြောက်အများရှိကာ စိုက်ပျိုးရေး အလွန်ဖြစ်ထွန်းအောင်မြင်သည့် ဒေသလည်းဖြစ်ပါသည်။ ယခုအခါ အဆိုပါ (၃)မြို့နယ်အတွင်းရှိ ဆက်စပ်ဒေသနေ ပြည်သူများက နိုင်ငံတော်မှ လျှပ်စစ်မီး စီစဉ်ဆောင်ရွက်ပေးမှုကို စောင့်မျှော်နေကြလျက်ရှိပါသည်။ နိုင်ငံတော်အစိုးရမှ ဇလဲတွင် (၃၃)ခွဲရုံနှင့် ဖါလဲ(မိုင်းပျဉ်း)တွင် (၃၃)ခွဲရုံ၊ (11 KV) လိုင်းများ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက ကျန်သည့်(၄၀၀)ဗို့ (၀.၄)လိုင်းများကို ဒေသခံပြည်သူများမှ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သွားမည်

ဖြစ်ပါသည်။ ယခုအခါ ကျေးရွာအလိုက်၊ ကျေးရွာအုပ်စုအလိုက် မီးလင်းရေးကော်မတီများလည်း ဖွဲ့စည်းပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တောင်ကြီး၊ ဟိုပုန်း၊ ရပ်စောက် မြို့နယ်(၃)မြို့နယ် ဆက်စပ်ဒေသမှ ပြည်သူများ လျှပ်စစ်မီးရရှိရေးကို နိုင်ငံတော်မှ လာမည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် စီစဉ်ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြန်မာ-တရုတ် ကျောက်ဖြူ-ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း တည်ဆောက်ရေးအတွက် ပိုက်လိုင်း တစ်လျှောက်ရှိ လယ်ယာမြေများထဲမှ အများစုကို ယင်းစီမံကိန်း၏ အော်ပရေတာဖြစ်သော နိုင်ငံခြားကုမ္ပဏီ China National Petroleum Corporation South East Asia Pipeline Co.,Ltd (CNPC-SEAP)က မြန်မာတောင်သူများနှင့် တိုက်ရိုက်စာချုပ် ချုပ်ဆိုပြီး အပြီးအပိုင်သဘော ဝယ်ယူသိမ်းဆည်းခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိပါသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယင်းစာချုပ်ကို ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်စေ၊ အခြားနည်း တစ်ခုခုဖြင့် ဖြစ်စေ ဥပဒေနှင့် ညီညွတ်အောင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး က မြန်မာ-တရုတ် ကျောက်ဖြူ-ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း တည်ဆောက်ရေးအတွက် ပိုက်လိုင်း တစ်လျှောက်ရှိ လယ်ယာမြေများထဲမှ အများစုကို ယင်းစီမံကိန်း၏ အော်ပရေတာဖြစ်သော နိုင်ငံခြားကုမ္ပဏီ China National Petroleum Corporation South East Asia Pipeline Co.,Ltd (CNPC-SEAP)က မြန်မာတောင်သူများနှင့် တိုက်ရိုက်စာချုပ် ချုပ်ဆိုပြီး အပြီးအပိုင်သဘော ဝယ်ယူသိမ်းဆည်းခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိပါသဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ယင်းစာချုပ်ကို ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်စေ၊ အခြားနည်း တစ်ခုခုဖြင့် ဖြစ်စေ ဥပဒေနှင့်ညီညွတ်အောင် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး အမှတ်(၂) မဲဆန္ဒနယ်မြေက ဦးထွန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော်က မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်တယ်။ Power point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ မြန်မာ-တရုတ် ကျောက်ဖြူရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းကို(CNPC-SEAP)တရုတ်ကုမ္ပဏီကြီးအခြားကုမ္ပဏီ(၄)ခုနဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)တို့ လုပ်ဆောင်တာဖြစ်ပြီးတော့ တရုတ်ကုမ္ပဏီကြီးက ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားသလို စီမံကိန်းရဲ့ အော်ပရေတာလည်းဖြစ်ပါတယ်။ ပုံတွင်ကြည့်ပါ။


ပိုက်လိုင်းဟာ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ကနေ အရှေ့မြောက်တရုတ်နယ်စပ် နမ့်ခမ်းမြို့နယ်ထိ မြန်မာ့မြို့နယ်ပေါင်း (၂၁)မြို့နယ်ကို ဖြတ်သန်းတည်ဆောက်ထားပါတယ်။ (၇၉၃) မီတာရှည်လျားပြီးတော့ ဖြက်အကျယ်(၃၀)မီတာ ရှိပါတယ်။ ပိုက်လိုင်းလမ်းကြောင်း တစ်လျှောက်ရှိ မြေယာများတွင် ထပ်ဆင့်တွန်းပို့စခန်း(၁၁)ခုနဲ့ အဖွင့်အပိတ် ထိန်းချုပ်စခန်း (၅၉)ခုအတွက်လည်း မြန်မာပိုင်မြေယာများကို သိမ်းယူအသုံးပြုထားပါတယ်။ သိမ်းဆည်းခံ မြေယာအများစုဟာ မြန်မာ တောင်သူလယ်သမားများပိုင်ဆိုင်တဲ့ မြေယာများဖြစ်ကြပါတယ်။MOGE သို့မဟုတ် တရုတ်ကုမ္ပဏီတို့ နှင့် မြေရှင်တောင်သူတစ်ဦးချင်းစီကြားမှာ တိုက်ရိုက်စာချုပ်ချုပ်ဆိုပြီးတော့ ဝယ်ယူသိမ်းဆည်းခဲ့တာ ဖြစ်ပါတယ်။

တချို့မြို့နယ်တွေမှာ မြေလက်ခံ ဝယ်ယူတဲ့လူရဲ့နေရာမှာ MOGEက လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုထားပြီးတော့ တချို့မြို့နယ်တွေမှာတော့ မြေလက်ခံဝယ်ယူသူနေရာမှာ တရုတ်ကုမ္ပဏီ က တိုက်ရိုက်လက်မှတ်ရေးထိုးချုပ်ဆို ဝယ်ယူထားကြောင်းတွေ့ရှိရပါတယ်။ အဲဒီလို နိုင်ငံခြားကုမ္ပဏီ နဲ့ တောင်သူတစ်ဦးချင်းစီကြားမှာ တိုက်ရိုက်စာချုပ်ချုပ်ဆိုပြီးတော့ ဝယ်ယူသိမ်းဆည်းထားခြင်းဟာ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများဖြစ်တဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းများ ကန့်သတ်မှုဥပဒေ၊ နိုင်ငံခြား ရင်းနှီးမြုပ်နှံမှု ဥပဒေ၊ ၂၀၁၂လယ်ယာမြေဥပဒေနှင့် ညီညွတ်ခြင်းမရှိပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝယ်ယူစာချုပ်ထဲမှာလည်း မြေကွက်ရဲ့ ရယူခံစား ထိုက်သော အခွင့်ရေးအဝဝကို MOGE ကိုယ်စား တရုတ်ကုမ္ပဏီအား လွှဲပြောင်းပေးခြင်းကို လက်ခံ သဘောတူပါသည်ဆိုတဲ့အချက်ပါဝင်နေပါတယ်။ ပုံတွင်ကြည့်ပါ။ တည်ဆဲဥပဒေများရဲ့ တားမြစ်ချက် ကို လက်တစ်လုံးခြားကျော်လွှန်လုပ်ဆောင်ထားသလိုဖြစ်နေပါတယ်။ ဒီနေရာမှာ ဥပဒေနှင့်အညီ တိုက်ရိုက်ဝယ်ယူခွင့်ရှိတဲ့ မြန်မာပိုင် MOGE က သူ့ရှိနေရဲ့သားနဲ့ သူကလက်ခံရယူ စာမချုပ်ဘဲနဲ့ တရုတ်ကုမ္ပဏီက လက်ခံရယူသူနေရာမှာ လက်မှတ်ရေးထိုးထားပြီးတော့ MOGE က အသိသက်သေ အနေဖြင့်တော့ လက်မှတ်ရေးထိုးပေးထားတာကို တွေ့ရှိရပါတယ်။ မြန်မာပိုင်နက်နယ်မြေတစ်ခုကို ဘယ်နိုင်ငံခြားသားပိုင် ကုမ္ပဏီတစ်ခုကမှ တိုက်ရိုက်လွှဲပြောင်းပြီးတော့ လက်ခံပိုင်ခွင့်မရှိပါဘူး။

သို့ဖြစ်ပါ၍ အိမ်နီးချင်းအင်အားကြီး ကုမ္ပဏီကြီးတစ်ခုက မြန်မာနိုင်ငံကို အလျားလိုက် ပိုင်းဖြတ်သွားသော မြေအစိတ်အပိုင်းကြီးကို ယခုကဲ့သို့ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော စာချုပ်ချုပ်ဆို ဝယ်ယူသိမ်းဆည်းထားခြင်းသည် နောင်တွင်မလိုလားအပ်သော ပြဿနာများကို ဖြစ်ပေါ်စေနိုင်သလို နိုင်ငံတော်ရဲ့ လုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားအတွက်လည်း အလွန်ကို စိုးရိမ်စရာကိစ္စဖြစ်နေပါသဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း လိုသည်မှာ မြန်မာ-တရုတ် ကျောက်ဖြူ-ကူမင်း ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းအတွက် ပိုက်လိုင်း လမ်းကြောင်းတစ်လျှောက်ရှိ မြေယာအများစုကို နိုင်ငံခြားကုမ္ပဏီကြီးက မြန်မာတောင်သူများနှင့် တိုက်ရိုက်စာချုပ်ချုပ်ဆိုပြီးတော့ အပြီးပိုင်သဘော ဝယ်ယူသိမ်းဆည်းထားခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိပါသဖြင့် ယင်းစာချုပ်များကို ပြင်ဆင်ချုပ်ဆိုခြင်းဖြစ်စေ၊ အခြားနည်းလမ်း တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဥပဒေနှင့်ညီညွတ်စေရန် ပြန်လည်ပြုလုပ်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (ဩဘာသံများ)

မြေအသုံးပြုခွင့် နှင့် သို့မဟုတ် မြေပေါ်ရှိ ကောက်ပဲသီးနှံ လွှဲပြောင်းစွန့်လွှတ်ခြင်း ကတိခံဝန်စာချုပ် (ဒ)



Witness where of the parties and witnesses have [r]eunto set their hands in concurrence to this [ag]reement , the day , month and year first above [wri]tten.

**[TR]ANSFERER**

Name: U Thar Zan Gyi
ID: 11/Ka Pha Na (N) 074102
Designation: Head of Household
Address: Kyauk Phyu Township, Made Island

**[C]OMPANY**

Name: Mr. Zhou Minquan
ID: G. 14 21 7099
Designation: Director
Address: South East Asia Crude Oil Pipeline Co. Ltd.

အထက်ပါအကြောင်းအရာများကို ဖတ်ရှုနားလည်ပြီးဖြစ်၍ သက်သေအရာ တည်စိမ့်ငှာ နှစ်ဦးနှစ်ဖက်သက်သေများနှင့်အတူ လက်မှတ်ရေးထိုးအတည်ပြုပါကြောင်း။

**လွှဲပြောင်းသူ**


အမည်။ ဦးသာဇံကြီး
မှတ်ပုံတင်။ ၁၁/ကဖန(နိုင်)၀၇၄၁၀၂
ရာထူး။ အိမ်ထောင်ဦးစီး
လိပ်စာ။ ကျောက်ဖြူမြို့နယ် မဲဒွန်းကျေးရွာ

**ကုမ္ပဏီ**

အမည်။ Mr. Zhou Minquan
မှတ်ပုံတင်။ G. 14 21 7099
ရာထူး။ Director
လိပ်စာ။ South East Asia Crude Oil Pipeline Co. Ltd.

30/03/2011 08:20

ကျောက်ဖြူ-ကူမင်း ရေနံနှင့် သဘာ၀ဓာတ်ငွေ့ စီမံကိန်းပိုက်လိုင်း ဆောင်ရွက်နေပုံ (ဒ-၁)



Agreement Bond relating to Transfer and Relinquishment of the Right to Use the Land and/ or the Crops

This Agreement Bond relating to Transfer and Relinquish of the Right to Use the Land made this 15th day of June 2010, at Kyauk Phyu Township, Made Island.

BY AND BETWEEN

U Thar Zan Gyi holder of Citizenship Scrutiny Card No. 11/[illegible] Son/ daughter of U Mg Pu and residing at ............ of the first part.

AND

CNPC South East Asia Pipeline Co. Ltd. ............ International Corporation having its registered office at Changping District, Beijing, China (hereinafter called " Operator" ) of the other part agree as follows:

1. That the above named **U Thar Zan Gyi** (hereinafter Called " TRANSFERER" Which expression where the context so admits include his/her successors legal representatives and assigns), has the ... right to the land shown in the schedule " A" hereinafter called "PLOT" ), hereby consents, ... and accepts the transfer to the Operator of the South East Asia Crude Oil Pipeline Co. Ltd. Pipeline Joint Venture Partners acting on behalf of MOGE (hereinafter called "COMPANY"), Of the entirety of TRANSFERER's interests, rights and privileges pertaining to the PLOT ...

မြေအသုံးပြုခွင့် နှင့်/ သို့မဟုတ် မြေပေါ်ရှိ ကောက်ပဲသီးနှံ လွှဲပြောင်းစွန့်လွှတ်ခြင်း ကတိခံဝန်စာချုပ်

နှင့်

Changping District, Beijing China ... South East Asia Crude Oil Pipeline Co. Ltd.

ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေပုံ (ဒ-၂)




**ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာ ကျေးရွာအုပ်စုအပါအဝင် ဆက်စပ်ကျေးရွာအုပ်စု (၁၀)အုပ်စုထံ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန် က ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာကျေးရွာအုပ်စု အပါအဝင် ဆက်စပ်ကျေးရွာအုပ်စု (၁၀) အုပ်စုထံ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးညီစိန်၊ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများအားလုံးနှင့် ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှစ်ဝ ပြည့်စုံကြပါစေကြောင်း ရှမ်းပြည်နယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးညီစိန်မှ ပတ္တနာပြု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးထံ မေးမြန်းလိုတာကတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာကျေးရွာအုပ်စု အပါအဝင် ဆက်စပ်ကျေးရွာအုပ်စု(၁၀)စုထံ လျှပ်စစ်ဓာတ်အား ဖြန့်ဝေရန်ကိစ္စ ဖြစ်ပါတယ်။

နမ့်ဖက်ကာကျေးရွာအုပ်စုဟာ ယခင်က နမ့်ဖက်ကာမြို့ဟု သတ်မှတ်ခဲ့ပါသော်လည်း အကြောင်းမညီညွတ်တဲ့အတွက် ယခုအခါမှာ ကျေးရွာအုပ်စုအဆင့်ဖြင့် သတ်မှတ်ခံခဲ့ရပါတယ်။ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ ခ.လ.ရ(၁၂၃)အခြေချတပ်ရင်း၊ အခြေခံမီးသတ်တပ်ဖွဲ့ စသည်တို့ဖြင့် မြို့အင်္ဂါရပ်တို့နှင့် ကိုက်ညီတဲ့ အခြေခံအဆောက်အအုံများ၊ ပြည့်စုံလျက်ရှိတဲ့ ကျေးရွာအုပ်စုကြီးတစ်ခု ဖြစ်ပါတယ်။ ကွတ်ခိုင်မြို့၊ နမ့်ခမ်းမြို့နှင့် မူဆယ်မြို့တို့ရဲ့ အလယ်ဗဟိုမှာရှိပြီး ဘယ်မြို့ကနေပဲလာလာမိုင်ပေါင်း (၃၀)ဝန်းကျင်ခန့် ကွာဝေးပါတယ်။ နမ့်ဖက်ကာကျေးရွာအုပ်စုရဲ့

ပတ်ပတ်လည်မလှမ်းမကမ်းမှာဆိုလို့ရှိရင် ပန်စရော့၊ ပန်ကိုင်နားမွန်း၊ မိုင်းယုလေး၊ ခိုမုန်း၊ လော့ခွမ်၊ ဟိုမော၊ လော့ခွမ်မန်နိမ်း၊ ဟိုမောဟိုပုံ၊ လွယ်ကန်၊ ပန်ကိုင်ပန်လော့၊ ကောင်းခါးမန်ပြိန်း အစရှိတဲ့ (၁၀)အုပ်စုတည်ရှိပါတယ်။

စုစုပေါင်းအိမ်ခြေ(၄၀၀၀)ကျော်ရှိပြီးတော့ လူဦးရေပေါင်း(၃)သောင်းကျော်မှီတင်းနေထိုင်ကြတဲ့နေရာဒေသဖြစ်ပါတယ်။ကွတ်ခိုင်မြို့တွင်းရပ်ကွက်များ၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးမြို့နှင့်တာမိုးညဲမြို့တို့မှာ ဝန်ကြီးဌာနမှဖြန့်ဝေပေးတဲ့ လျှပ်စစ်မီးများတစ်ယူနစ်လျှင်(၃၅) ကျပ်ခန့်သုံးစွဲနေချိန်မှာ မရှိဆင်းရဲမှုများပြည့်နှက်နေတဲ့ အဆိုပါကျေးရွာအုပ်စု (၁၀)အုပ်စုမှာ တရုတ်မီးကို (၁)ယူနစ်လျှင်မြန်မာကျပ်ငွေ(၃၅၀)မှ (၅၀၀)အထိ သုံးစွဲနေရတဲ့အတွက် မြေနိမ့်ရာလှံစိုက်သလို စီစစ်မှတ်ထင်ရပါတယ်။ Shweli Powerhouse မဟာဓာတ်အားလိုင်းကြိုးကြီးတွေဟာ အဆိုပါကျေးရွာအုပ်စု (၁၀)အုပ်စုရဲ့ နေထိုင်ရာအိမ်ခေါင်မိုးတွေနဲ့ ဦးခေါင်းတွေပေါ်မှာ ဖြတ်ကျော်သွယ်တန်းသွားတာဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေဟာ မြင်သာမြင်ရ မကြင်ရတဲ့ဘဝ ပေါက္ခရဝသမိုးလို နေရာဒေသရွေးတာဖြစ်တဲ့အတွက် ပေါက္ခရဝသမီးလို့ပဲမှတ်ခေါ်ရမလို ဖြစ်နေပါတယ်။ ကျွန်တော်တို့ကကြတော့ ဥပေက္ခာပြုခံလူသားဘဝများ ရောက်ရှိနေပြီလားလို့တောင် ထင်မှတ်ရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Shweli Powerhouseမှ သွယ်တန်းလာတဲ့မဟာဓာတ်အားလိုင်းကြိုးကြီးများနှင့် ဝေးလံတဲ့မြို့ရွာများမှပြည်သူများ အကျိုးခံစားရသကဲ့သို့ မဟာဓာတ်အားလိုင်းများနဲ့ လမ်းကြိုးတိုင်များ အနီးကပ်သုံးနေရတဲ့ရှိတဲ့ နမ့်ဖက်ကာကျေးရွာအုပ်စုနဲ့ဆက်စပ်(၁၀)အုပ်စုမှလည်း သာတူညီမျှ အကျိုးခံစားနိုင်ရေး ဆောင်ရွက်ထားခြင်းရှိ/မရှိ မရှိသေးပါက မည်သည့်အချိန်အခါမှ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း ဒေသခံတိုင်းရင်းသားများရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များတွင် လျှပ်စစ်မီးရရှိရေး ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ က ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် မင်းပြားမြို့နယ်နှင့် မြေပုံမြို့နယ်များတွင် လျှပ်စစ်မီးရရှိရေး ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါ်ထုမေ၊ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရခိုင်ပြည်နယ် ရမ်းဗြဲ၊ အမ်းမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် မင်းပြားနှင့် မြေပုံမြို့နယ်များမှာ ဓာတ်အားစနစ်ဖြင့် မီးလင်းရေးအတွက် ၂၀၁၆ -

၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်မှု အခြေအနေရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် အပြီးအပြတ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်ဟာ တိုင်းနှင့်ပြည်နယ် (၁၄)ခုမှာ အဆင်းရဲဆုံး ပြည်နယ်တစ်ခုဆိုတာ အားလုံးအသိပါ။ အဲဒီလိုဖြစ်ရခြင်းရဲ့ အဓိကအကြောင်းအရင်းမှာ လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း၊ လျှပ်စစ်မီး အလုံအလောက်မရရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ မြို့နယ်ပေါင်း (၁၇)မြို့နယ်ရှိပြီးတော့ မြို့နယ်ခွဲများလည်းရှိပါတယ်။ ယခင်ကရခိုင်ပြည်နယ်က လျှပ်စစ်ရရှိမှုက အလွန့်အလွန် ဆိုးရွားခဲ့ပါတယ်။ ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်တဲ့ စစ်တွေမှာလည်း လျှပ်စစ်မီးတစ်နေ့ကို (၅)နာရီခန့်သာ ရရှိခဲ့ပါတယ်။ မြို့မိ၊ မြို့ဖများရဲ့အစီအစဥ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းကြရာမှာ(၁)ယူနစ်ကို ကျပ်(၅၀၀)ခန့် ပေးဆောင်ရတဲ့အတွက်ကြောင့် ပြည်သူများအနေနှင့် အလွန်ပင်အခက်အခဲကြုံခဲ့ရပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေးရတာ (၆၈)နှစ် ရှိခဲ့ပေမယ့် ရခိုင်ပြည်နယ်၊ မြို့နယ်(၁၇)မြို့အနက် သံတွဲ၊ တောင်ကုတ်၊ အမ်း၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး ဒီမြို့နယ်များဟာ ၂၀၁၄ မှရရှိပြီးတော့ ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်များကတော့ ၂၀၁၅ မှ အသီးသီးဓာတ်အားစနစ်က မီးရရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျန်မြို့နယ်(၈) မြို့နယ်က ဓာတ်အားစနစ်မှ မီးရရှိခြင်း မရှိသေးပါဘူး။

အထူးသဖြင့် အစိုးရသစ် တက်လာပြီးနောက်ပိုင်း ရက်(၁၀၀) စီမံကိန်းမှာ ကျန်မြို့နယ်များမှာ လျှပ်စစ်ဓာတ်အားနဲ့ လျှပ်စစ်မီးရရှိဖို့ အားကိုးတကြီးမျှော်လင့်နေခဲ့ကြပါတယ်။ သို့တိုင်အောင် ယနေ့အချိန်ထိ ကျန်မြို့နယ်များမှာ လျှပ်စစ်ဓာတ်အားနှင့်လျှပ်စစ်မီးရရှိသေးခြင်း မရှိသေးပါဘူး။ အထူးသဖြင့် မင်းပြားမြို့နယ်ဟာ မြောက်ဦးမြို့နယ်နှင့် နီးကပ်စွာရှိပြီးတော့ (၂၇)မိုင်ခန့်သာ ဝေးပါတယ်။ နိုင်ငံတော်စီမံချက်ရဲ့ မင်းပြားမြို့နယ်ကို ၂၀၁၆-၂၀၁၇ခုနှစ်အတွင်းမှာ ဓာတ်အားစနစ်ဖြင့် မီးလင်းရေး အတွက် စီမံထားကြောင်း သိရပါတယ်။ မီးလင်းရေးအတွက်စီမံချက်များအရ မင်းပြားမြို့နယ်ကို လျှပ်စစ်ဓာတ်အားကဏ္ဍမှာ 66/11 KV - 5MVA ခွဲ စက်ရုံတည်ဆောက်ရာမှာ (၉၅) ရာခိုင်နှုန်း ပြီးစီးပြီးတော့ (၅) ရာခိုင်နှုန်း ကျန်ရှိနေပါသေးတယ်။

မြောက်ဦး-မင်းပြား 66 KV ဓာတ်အားလိုင်း မိုင်(၂၀)တည်ဆောက်ရာမှာလည်း (၈၀) ရာခိုင်နှုန်း ပြီးစီးပြီးတော့(၂၀)ရာခိုင်နှုန်း ကျန်ရှိနေပါသေးတယ်။ မြောက်ဦး-မင်းပြား 66KV ဓာတ်အားလိုင်း(၂၀)မိုင်နှင့် ရုံခွဲများ တည်ဆောက်ရာမှာလည်း စက်ပစ္စည်းဝယ်ယူခြင်း (၈၅) ရာခိုင်နှုန်း ပြီးစီးပြီးတော့ (၁၅) ရာခိုင်နှုန်း ကျန်ရှိနေပါသေးတယ်။ ဒ့ါအပြင် မီးကြိုးသွယ်တန်းတဲ့အခါမှာလည်း (၁၈)မိုင် ခန့် သွယ်တန်းရန် ကျန်ရှိနေသေးကြောင်း သိရှိရပါတယ်။ အဲဒီလိုဖြစ်ရခြင်းရဲ့ အကြောင်းအရင်းမှာ နိုင်ငံတော်ဘဏ္ဍာငွေမှ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်နေတဲ့ကုမ္ပဏီသို့ သိန်း(၄၀၀)ချပေးရန် ကျန်ရှိနေသေးကြောင်းလည်း ကျွန်မတို့သိရှိရပါတယ်။ ဒ့ါကြောင့် အထက်ဖော်ပြပါ လုပ်ငန်း ဆောင်ရွက်ရန် ကျန်ရှိနေသေးတဲ့လုပ်ငန်းများကို ပြီးပြတ်အောင်ဆောင်ရွက်ရန်နှင့် ဓာတ်အားစနစ်မှ မင်းပြားမြို့နယ်ကို ၂၀၁၆ ခုနှစ် မတိုင်ခင် မကုန်မီ မီးလင်းရေးဆောင်ရွက်ပေးရန်ရှိ/မရှိကို သိရှိလိုပါတယ်။

အလားတူပဲ မြေပုံမြို့နယ်သည်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ ဖွံ့ဖြိုးမှု နောက်ကျနေခဲ့ပါတယ်။ ဓာတ်အားစနစ်ဖြင့် လျှပ်စစ်မီးရရှိလို့ရှိရင် ပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုး

တိုးတက်ပြီးတော့ အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မြေပုံမြို့နယ်အပါအဝင် ရခိုင်ပြည်နယ်ရှိ လျှပ်စစ်မီးမရရှိသေးတဲ့ ကျန်မြို့နယ်များကိုလည်း မည်သည့်အချိန်တွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးရန်နဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဓာတ်အားစနစ်မှ မီးရရှိအောင် ဆောင်ရွက်နိုင်မှု အခြေအနေ ရှိ/မရှိ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးသွားမည်ကို သိလိုသဖြင့် ပြည်သူများ၏ ဆန္ဒအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်ကို ဖြတ်သန်း စီးဆင်းလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား ရရှိရေးနှင့် ကယားပြည်နယ် လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အသက်သွေးကြောဖြစ်သော ဘီလူးချောင်းတိမ်ကောမှုအား နိုင်ငံတော်မှ ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း က ကယားပြည်နယ်၊ လွိုင်ကော်မြို့တော်ကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကယားပြည်နယ် လူမှုစီးပွားဘဝမြင့်မားရေးအတွက် အသက်သွေးကြောဖြစ်သော ဘီလူးချောင်းတိမ်ကောမှုအား နိုင်ငံတော်မှ ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**


**ဦးစိုးသိန်း၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကယားပြည်နယ် အမှတ်(၉)က ဦးစိုးသိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား Power point အသုံးပြုခွင့်ပြုရန်ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြပါအတိုင်း မိုးဗြဲရေလှောင်ကန်ကနေပြီးတော့ ပွန်ချောင်းအထိ ဆက်သွယ်စီးဆင်းလျက်ရှိတဲ့ ဘီလူးချောင်းရဲ့ ပျမ်းမျှအကျယ်မှာ (၃၀) မီတာခန့်ရှိပြီး အရှည် (၄၂) မိုင်ခန့်ရှိပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုအနေဖြင့် ဘီလူးချောင်း (၁)ဓာတ်အားပေးစက်ရုံမှ (၂၈) မဂ္ဂါဝပ်၊ ဘီလူးချောင်း (၂)ဓာတ်အားပေးစက်ရုံမှ (၁၆၈) မဂ္ဂါဝပ်၊ ဘီလူးချောင်း (၃)ဓာတ်အားပေးစက်ရုံမှ (၅၂) မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်စွမ်းရှိပြီး အမျိုးသားဓာတ်အားလိုင်းသို့ ချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ယခုအခါမှာ မြန်မာနိုင်ငံပြည်မသို့ ဖြန့်ဖြူးပေးနိုင်ခဲ့သလို ကယားပြည်နယ်မြို့အားလုံးနှင့် ရွာတော်တော်များများလျှပ်စစ်ဓာတ်အားကိုအသုံးပြုနေကြရပြီ ဖြစ်ပါတယ်။ မိုးဗြဲရေလှောင်ကန်က ပွန်ချောင်းအထိ ဘီလူးချောင်းကို မှီခိုအသုံးပြုနေရတဲ့ ကျေးရွာပေါင်း (၄၈)ရွာခန့်ရှိပါတယ်။ လွိုင်ကော်မြို့အပါအဝင် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူလူထုဟာ ဘီလူးချောင်းရေကို သောက်သုံးရေ၊ စိုက်ပျိုးရေအဖြစ် မရှိမဖြစ် အသုံးပြုနေကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါဘီလူးချောင်းမှာရှိတဲ့ နေရာအချို့မှာ ရေအနက်အတိမ်ဆုံး (၀.၅)မီတာမှ (၀.၈)မီတာအထိ တိမ်ကောလာပြီ ဖြစ်သဖြင့် ကာလကြာရင် ပိုမို

တိမ်ကောမည်ကို စိုးရိမ်ရပါသောကြောင့် နိုင်ငံတော်မှ ငွေကြေးအခက်အခဲရှိပါက လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး Cooperate Social Responsibility အဖြစ် ထိန်းသိမ်းပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါ သည်ခင်ဗျား။ (သြဘာသံများ)

မိုးဗြဲရေလှောင်ကန်မှ ပွန်ချောင်းအထိ ဆက်သွယ်စီးဆင်းလျက်ရှိသော ဘီလူးချောင်း၏ မြေပုံ(ခ)




**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ ရေနံချောင်းမြို့သို့ သွယ်တန်းထားသော 33 KV Line ဖြတ်သန်းသွားရာ ငွေးကုန်း လမ်းခွဲမှတစ်ဆင့် ရုံးကုန်းကျေးရွာသို့ 33 KV Line သွယ်တန်းပေးပြီး ရုံးကုန်း 33 KV Sub Station မှ 5 MVA သို့မဟုတ် 10 MVA Sub Station တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း က မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ ရေနံချောင်းမြို့သို့ သွယ်တန်းထားသော 33 KV Line ဖြတ်သန်းသွားရာ ငွေးကုန်းလမ်းခွဲမှတစ်ဆင့် ရုံးကုန်းကျေးရွာသို့ 33 KV Line သွယ်တန်းပေးပြီး

ရုံးကုန်း 33 KV Sub Station မှ 5 MVA သို့မဟုတ် 10 MVA Sub Station တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကိုမင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကိုယ်စားပြုတဲ့ ရေနံချောင်းမြို့နယ်ဟာ လယ်ယာလုပ်ငန်းဖြစ်တဲ့ နှမ်းနှင့်ပဲမျိုးစုံ စိုက်ပျိုးပြီးတော့ မိုးခေါင်ရေရှားတဲ့ အရပ်ဒေသဖြစ်ပါတယ်။ ယခုအခါမှာတစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျေးလက် မီးလင်းရေးကို နိုင်ငံတော်မှစီမံချက်နဲ့ လုပ်ဆောင်နေပါသဖြင့် ဒီမေးခွန်းကိုမေးရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော် ကွင်းဆင်းလေ့လာတဲ့အချိန်မှာ ဒီမကျည်းကန် 132 KV, 33 KV Line ကနေ လျှပ်စစ် ဓာတ်အားကို ရေနံချောင်းမြို့ကို သွယ်တန်းထားပါတယ်။ အဲ့ဒီ 33 KV Line ရေနံချောင်းက သွယ်တန်း ထားတဲ့လိုင်းကဝွေးကုန်းလမ်းကိုဖြတ်သွားပါတယ်။

ဝွေးကုန်းလမ်းခွဲကနေ ဆက်ပြီးသွားမယ်ဆိုရင် ကျွန်တော်ပြောခဲ့တဲ့ ဒီရုံးကုန်းဆိုတာက (၃)မိုင် ဝေးပါတယ်။ ဒီထက်နဲနဲပိုလိုက်လို့ရှိရင် (၅)မိုင်အကွာမှာ သရက်တောဆိုတဲ့ရွာ ရှိပါတယ်။ အဲ့ဒါ(၈)မိုင်ကွာပါတယ်။ အဲဒီရွာကိုသာ ကျွန်တော်တင်ပြခဲ့တဲ့ 5 MVA Transformer Substation တစ်ခုတည်ခဲ့မယ်ဆိုရင် အဲဒီကမှတစ်ဆင့် Filter လေးခုလောက်ထုတ်ကြည့်ပါတယ်။ ကျွန်တော် ဝန်ကြီးကို မိချောင်းမင်းရေခင်းပြနေခြင်းမဟုတ်ပါ။ Filter လေးခုလောက်ထုတ်ကြည့်လိုက်တဲ့အချိန်မှာ နောက်ပိတ်ဆုံး အစွန်းဆုံးဖြစ်တဲ့ Filter တစ်ခုဟာ အင်တောဆိုတဲ့ရွာအထိ ရောက်ပါတယ်။ အဲ့ဒါက ရွာပေါင်း(၁၈)ရွာလောက် ကျွန်တော်တို့မီးရပါတယ်။ အဲ့ဒီ (၁၈) ရွာကကိုမှ တစ်ခါမိုင်ကတော့ (၁၄)မိုင်ပဲ ကွာပါတယ်။ စုစုပေါင်း။ နောက်ထပ် Filter ထုတ်လို့ရှိရင် ကျွန်တော်တို့က နဂါးဆိုတဲ့ရွာကို ရောက်ပါမယ်။ ရွာပေါင်း (၁၂) ရွာလောက်ရပါမယ်။

နောက်တစ်ခုထုတ်လို့ရှိရင် ရဲမချောင်းဆိုတဲ့ရွာအထိ ရောက်သွားပါတယ်။ ရွာပေါင်း(၈)ရွာ ရှိပါတယ်။ နောက်တစ်ခုထုတ်လိုက်မယ်ဆိုလို့ရှိရင် ချိုင်းတို့၊ လေးတိုင်စင်ဆိုတဲ့ ရွာရောက်သွားပါမယ်။ အဲဒါက (၁၃)ရွာရှိပါတယ်။ အဲဒီပတ်ချာလည် အကွာမှာလည်း နတ်မောက်မြို့နယ်က ဝက်ခြတ်ဆိုတဲ့ ရွာကြီးက အိမ်ခြေ(၅၀၀)လောက်ရှိပါတယ်။ ဒါတွေကို ကျွန်တော်က ခုချိန်မှာ 5 MVATransformer တစ်လုံးနဲ့ (၈)မိုင် အရှည်ရှိတဲ့ 33 KV Line သာ တည်ခဲ့နိုင်မယ်ဆိုရင် ကျွန်တော်တို့ဟာ NEP Plan အရ11KV Line နဲ့TransformerကNEP Plan အရရှိပါတယ်။ ကျန်တဲ့ရွာထဲမှာရှိနေတဲ့ Line တွေက ကိုယ်ထူကိုယ်ထကျွန်တော်တို့က သုံးမှာဖြစ်ပါတယ်။ အဲ့ဒီကြောင့်မို့လို့ 33 KV Line (၈)မိုင်နဲ့ 5 MVATransformer တစ်လုံးများ တည်များပေးနိုင်ခဲ့မယ် ဖြစ်များဖြစ်နိုင်မလားဆိုတာကို လာမယ့် ဘတ်ဂျက်အတွင်း ပေးနိုင်ခြင်း ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ကြီး(၆)ဦး မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားမရရှိသေးသော မြို့နယ်များနှင့် ကျေးရွာများအား လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန် နှစ်အလိုက် စီမံကိန်းများရေးဆွဲ၍ နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လည်းကောင်း၊ နိုင်ငံတကာချေးငွေများဖြင့် လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေး လျက်ရှိတာဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း(၃၁၀)ဖြင့် အမျိုးသား လျှပ်စစ် ဓာတ်အားရရှိရေး စီမံကိန်းအား အကောင်အထည်ဖော်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ လျှပ်စစ် ဓာတ်အား မရရှိသေးသော ဒေသများသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လုပ်ငန်းစဉ် အဆင့်(၄)ခု ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ အဆိုပါ စီမံကိန်း ပထမအဆင့်အနေဖြင့် ပင်မဓာတ်အားစနစ်မှ (၂)မိုင်ပတ်လည်အတွင်းရှိ ကျေးရွာများသို့ လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် (၂)မိုင်မှ (၅)မိုင် ပတ်လည်အတွင်းရှိ ကျေးရွာများကိုလည်းကောင်း၊ တတိယအဆင့်အနေဖြင့် (၅)မိုင်မှ (၁၀)မိုင် ပတ်လည်အတွင်းရှိ ကျေးရွာများကိုလည်းကောင်း၊ စတုတ္ထအဆင့်အနေဖြင့် (၁၀)မိုင်နှင့်အထက် ကွာဝေးသောကျေးရွာများကို၆၆ ကေဗွီ နှင့်၃၃ကေဗွီဓာတ်အားခွဲရုံများ တိုးချဲ့၍လည်းကောင်း၊ ဦးစား ပေးအဆင့်အလိုက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်ပါ မြို့နယ်(၃)မြို့နယ်ရှိ ကျေးရွာအုပ်စုများအနက် တောင်ကြီးမြို့နယ်၊ မြောက်ပိုင်းရှိ ဘန့်ကွေးကျေးရွာနှင့် နန့်ဟူးကျေးရွာအုပ်စုတို့ အတွင်းရှိ ကျေးရွာ(၉) ရွာ၊ ရပ်စောက်မြို့နယ်အတွင်းရှိ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ(၁၂)ရွာနှင့် ဟွေးကျေးရွာအုပ်စုရှိ ဟွေး၊ အင်းမီး၊ ဘန့်ကွေး၊ ဇလဲကျေးရွာ (၄)ရွာ၊ စုစုပေါင်းကျေးရွာ (၂၅)ရွာ တို့အား အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေး စီမံကိန်း၏ ပထမအဆင့်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ကာ (၂)နှစ်စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားမှာ ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ ဟွေးကျေးရွာအုပ်စုရှိ နာခဲလေး(နန်းခဲလေး)နှင့် နာခဲကြီး (နန်းခဲကြီး) ကျေးရွာ (၂)ရွာမှာ NEP စီမံကိန်း ဒုတိယအဆင့်တွင် ထည့်သွင်းလျာထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ် တောင်ပိုင်းရှိ ကျေးရွာများအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ဂျာမဏီနိုင်ငံ KfW ဘဏ်၏ချေးငွေ ယူရိုသန်း(၃၀)ရရှိနိုင်ရေးလည်း ဆွေးနွေးညှိနှိုင်းစီစဉ်လျက် ရှိပါတယ်။

အဆိုပါ စီမံချက်မှာ လွှတ်တော်နှင့် နန်းဟောင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန်အတွက် ဇလဲတွင်၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ (၁)ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ချေးငွေရရှိနိုင်ပြီး အဆိုပါလုပ်ငန်းကို တည်ဆောက်ပြီးစီးမည်ဆိုပါက ဇလဲခွဲရုံမှ ပတ်ဝန်းကျင်ကျေးရွာ (၁၁)ရွာရှိ အိမ်ထောင်စုပေါင်း (၂၁၀၀)က လျှပ်စစ်ဓာတ်အားရရှိ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက်လည်း ဂျာမဏီနိုင်ငံ KfW ဘဏ်၏ ချေးငွေဖြင့် မိုင်းပြင်း၆၆/၁၁ ကေဗွီ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ခြင်း လုပ်ငန်းအား ထည့်သွင်းလျာထားထားတာဖြစ်ပါတယ်။ ချေးငွေရရှိပြီး အဆိုပါ စီမံကိန်းကို တည်ဆောက်ပြီးစီးပါက မိုင်းပျဉ်းနှင့် လဲသက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း(၁၁)ရွာနှင့် အိမ်ထောင်စုပေါင်း (၁၁၈၂)အား လျှပ်စစ်ဓာတ်အားရရှိနိုင်အောင် စီစဉ်ပေးနိုင်မှာ ဖြစ်ပါတယ်။

သို့ရာတွင် ဟိုပုံးမြို့နယ်အတွင်းရှိ ကျန်ရှိနေသော မိုင်းလန်း၊ နမ်းပါခီး၊ နားပုံ၊ နားတစ်နှင့် စနင်းဖောင်းဆိုင်ကျေးရွာအုပ်စုများသို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်မှာ ၆၆ ကေဗွီ ဓာတ်အားလိုင်းများ၊၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ ထပ်မံတည်ဆောက်ရန် လိုအပ်ပါသဖြင့် အထက်ပါ စီမံကိန်းများမှာ ပါရှိတဲ့ NEP စီမံကိန်း၏ စတုတ္ထအဆင့်တွင်သာ အကျုံးဝင်နေသည့် အချက်ဖြစ်သည့်အတွက်ကြောင့် ထိုစီမံကိန်းအဆင့်တွင် ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လတ်တလော မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်မှု မပြုနိုင်မီကာလအတွင်း လျှပ်စစ်မီးရရှိနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရေးကိုလည်း မိမိတို့ ဝန်ကြီးဌာနမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ဒုတိယမေးခွန်းဖြစ်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးထွန်းထွန်းဦး၏ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာ-တရုတ် ရေနံနှင့် မြန်မာ့သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတွင် အရှေ့တောင်အာရှ ရေနံပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပါဝင်ပါတယ်။ အရှေ့တောင်အာရှ ရေနံပိုက်လိုင်း၌ ရင်းနှီးမြှုပ်နှံရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ (၄၉)ရာခိုင်နှုန်းနှင့် CNPC ကုမ္ပဏီမှ (၅၁)ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်းစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရာ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ (၇.၃၆)ရာခိုင်နှုန်း၊ CNPC ကုမ္ပဏီမှ (၅၀.၉၀)ရာခိုင်နှုန်း၊ Daewoo ကုမ္ပဏီမှ (၂၅.၀၄) ရာခိုင်နှုန်း၊ ONGC မှ (၈.၃၄)ရာခိုင်နှုန်း၊ Gail မှ (၄.၁၇)ရာခိုင်နှုန်းနှင့် KOGAS ကုမ္ပဏီမှ (၄.၁၇) ရာခိုင်နှုန်းတို့ဖြင့် ပါဝင်ရင်းနှီး မြှုပ်နှံထားတာ ဖြစ်ပါတယ်။

မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း ဆောင်ရွက်ရာတွင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေနှင့် အခြားမြေများကို လုပ်ငန်းလိုအပ်ချက်အရ အမြဲတမ်းသိမ်းယူခြင်းနည်းလမ်းနှင့် ယာယီသိမ်းယူခြင်းနည်းလမ်း (၂)နည်းတို့ဖြင့် ဆောင်ရွက်ခဲ့ရပါတယ်။ အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ယာယီသိမ်းယူခြင်းဆိုသည်မှာ စီမံကိန်းကာလအတွင်း ပိုက်လိုင်းကြီးများ စုပုံခြင်း၊ စက်ပစ္စည်းများ စုပုံခြင်းတို့အတွက် ယာယီအသုံးပြုခဲ့တဲ့ မြေများကို လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း လျော်ကြေး၊ နစ်နာကြေးများပေးပြီး အသုံးပြုခဲ့တာကို ယာယီသိမ်းယူခြင်းဟု ခေါ်ဆိုရှင်းလင်းတင်ပြတာဖြစ်ပါတယ်။

စီမံကိန်းကာလပြီးစီးသည့်နောက် အဆိုပါမြေများအား သက်ဆိုင်ရာပိုင်ရှင်များလက်ကို ပြန်လည်လွှဲအပ်ခဲ့တာ ဖြစ်ပါတယ်။ အမြဲတမ်းသိမ်းယူခြင်းဆိုသည့် ကိစ္စကတော့ ပိုက်လိုင်းချမြှုပ်ရာ၊ ပိုက်လိုင်းမြေလမ်းကြောင်းတစ်လျှောက်အတွက် မြေယာလျော်ကြေးများပေးပြီးတော့ ကျွန်တော်တို့ သိမ်းယူခဲ့တာ ဖြစ်ပါတယ်။ သို့ရာတွင် ပိုက်လိုင်းများကို မြှုပ်နှံပြီးသည့်နောက်ပိုင်းမှာ မြေ ပြန်ဖို့ပြီးတဲ့အချိန်မှာ အဆိုပါမြေကို သက်ဆိုင်ရာမူလပိုင်ရှင်များက ဆက်လက်ပိုင်ဆိုင်မှုတော့ မရှိသော်ငြားလည်း ၎င်းပိုင်ရှင်များအနေဖြင့် အဆိုပါမြေအပေါ်မှာ ကြီးမားတဲ့အဆောက်အအုံများ တည်ဆောက်ခြင်း၊ သစ်ပင်ကြီးကြီးမားမားများ စိုက်ပျိုးခြင်း မပြုလုပ်ခြင်းမှအပ သာမန် လယ်ယာစိုက်ပျိုးခြင်း၊ ယာ စိုက်ပျိုးခြင်းများကိုတော့ သူတို့ဆောင်ရွက်ခွင့်ရှိပါတယ်။ သို့သော် မြေကတော့ အမြဲတမ်းသိမ်းယူခြင်းအဖြစ်နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါပိုက်လိုင်းစီမံကိန်း မြေယာ ရရှိရေးနှင့် မြေယာသီးနှံလျော်ကြေးပေးနိုင်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၏ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၄၂၅ (၁)/၃-၂/ နယက ဖြင့် ဖွဲ့စည်းပေးခဲ့သည့် ဤ ဝန်ကြီးဌာန၏ ကိုယ်စားလှယ်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သက်ဆိုင်ရာတောင်သူများပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ မြေတိုင်းတာခြင်းနှင့် စိုက်ပျိုးသီးနှံစာရင်းများ ကောက်ယူခြင်း ပြုလုပ်ခဲ့ပါတယ်။ မြေယာနှင့် သီးနှံလျော်ကြေးအတွက် ဈေးနှုန်းများသတ်မှတ်ခြင်း၊ မြေဧကသတ်မှတ်ခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမတွင် အဆိုပါအဖွဲ့ဖြင့် အစည်းအဝေးများ ကျင်းပအတည်ပြုပြီး မြေယာနှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့မှ စနစ်တကျတွက်ချက်ပြီး ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပါတယ်။ ဝန်ကြီးဌာနမှ ခွင့်ပြုချက်ရရှိတဲ့အခါမှာ မြေယာနှင့် သီးနှံလျော်ကြေးပေးချေရာဆိုင်ရာ စာချုပ်အား သက်ဆိုင်ရာတောင်သူနှင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီတို့မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကိုယ်စား လက်မှတ်ရေးထိုးချုပ်ဆိုရတာ ဖြစ်ပါတယ်။

မြေယာနှင့် သီးနှံလျော်ကြေးပေးချေမှုဆိုင်ရာ စာချုပ်ချုပ်ဆိုရာမှာ လုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီမှ ငွေစိုက်ထုတ်ပေးချေရခြင်း ဖြစ်ပါတယ်။ သို့မှသာလည်း အဆိုပါ မြေယာလျော်ကြေးများပေးချေရန်အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက နိုင်ငံတော်ဘတ်ဂျက်မှ မြေယာလျော်ကြေးများ တနင့်တပိုးတောင်းခံရခြင်းကနေပြီးတော့ သက်သာစေရန် အလို့ငှာ လုပ်ငန်းဆောင်ရွက်တဲ့ ကုမ္ပဏီကို ငွေများစိုက်ထုတ် ရင်းနှီးခဲ့စေခြင်းသာ ဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါ စိုက်ထုတ်ရင်းနှီးခဲ့စေခြင်းသည်မှာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကိုယ်စားသာလျှင် ပေးချေစေခြင်း ဖြစ်ပါတယ်။ အဆိုပါပေးချေခြင်းမှာ လူတစ်ဦး၊ ပုဂ္ဂိုလ်တစ်ယောက်ထံမှ အခြားပုဂ္ဂိုလ်တစ်ဦးက မြေဝယ်ယူသည့် ပုံစံမျိုးမဟုတ်ဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှ အဖွဲ့အစည်းတစ်ခုက လွှဲပြောင်းရယူသည့်ပုံစံဖြစ်သည့်အတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် SEAP ကုမ္ပဏီတို့သည် သက်ဆိုင်ရာအလိုက် ပါဝင်ပတ်သက်သူများမှ လက်မှတ်ရေးထိုးရခြင်း ဖြစ်ပါတယ်။

SEAP ကုမ္ပဏီသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီဖြစ်ပြီး လုပ်ငန်းလည်ပတ်ရာတွင် တာဝန်ယူဆောင်ရွက်ထားရတဲ့ ကုမ္ပဏီဖြစ်တဲ့အတွက်ကြောင့် စာချုပ်များမှာ ပါဝင်လက်မှတ်ရေးထိုးတာဖြစ်ပြီး ၎င်းတို့ကုမ္ပဏီ အနေနဲ့လည်း ၎င်းတို့ရဲ့ ငွေစာရင်းရှင်းတမ်းများကို ပြန်လည်ရှင်းလင်းရန် လိုအပ်တဲ့အတွက်ကြောင့် အခုလို အထောက်အထားတွေ သူတို့အတွက်လည်း လိုအပ်လာတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပိုက်လိုင်းစီမံကိန်းအတွက် မြေယာသိမ်းဆည်းခြင်း ဆောင်ရွက်ရာမှာ ဤဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်းစီမံကိန်းမြေအဖြစ်သာ သိမ်းဆည်းခြင်း ဖြစ်ပါတယ်။ အဆိုပါအချက်နှင့် ပတ်သက်ပြီးတော့ အထောက်အထားလေး တစ်ခုကို ကျွန်တော်တင်ပြလိုတာ ဖြစ်ပါတယ်။ Power Point လေး တင်ပြပေးပို့ မေတ္တာရပ်ခံပါတယ်။ အဆိုပါ အထောက်အထားမှာ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒီမြေများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းဌာနရဲ့ အမည်ဖြင့်သာ လွှဲပြောင်းတယ်ဆိုတဲ့ အထောက်အထားကို တင်ပြသွားတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်ကြီး ဆွေးနွေးသော အဆိုပါမြေများအား တရုတ်နိုင်ငံကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သွားခြင်းမဟုတ်ပါကြောင်း ရှင်းလင်းတင်ပြတာ ဖြစ်ပါတယ်။ ကော်လိတ္တော်အရာရှိမှလည်း မြေလွှဲပြောင်းပေးရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအမည်ဖြင့်သာ လွှဲပြောင်းထားတာ ဖြစ်သည့်အတွက်ကြောင့် တည်ဆဲဥပဒေများနှင့် ကွဲလွဲမှု မရှိပါသောကြောင့် စာချုပ်အား ပြင်ဆင်ချုပ်ဆိုရန် လိုအပ်မှုမရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ တတိယမေးခွန်းဖြစ်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန် ၏ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာကျေးရွာအုပ်စု အပါအဝင် ဆက်စပ်ကျေးရွာအုပ်စု (၁၀)အုပ်စုသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပထမအဆင့်နှင့် ဒုတိယအဆင့် လုပ်ငန်း(၂)ဆင့်ခွဲ၍ ဆောင်ရွက်ပေးရန် လိုအပ်တာဖြစ်ပါတယ်။ ပထမအဆင့်အနေဖြင့်၆၆ ကေဗွီမူဆယ်-နမ့်ဖက်ကာ ဓာတ်အားလိုင်း မိုင်(၃၀)နှင့်၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ နမ့်ဖက်ကာဓာတ်အားခွဲရုံ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ အဆိုပါမြေပုံတွင် ရွှေလီဓာတ်အားပေးစက်ရုံမှ နမ့်ခမ်း၊ မူဆယ်ဘက်သို့ ဓာတ်အားပို့လွှတ်ထားသော၆၆ ကေဗွီလိုင်းများအား မျဉ်းအစိမ်းများဖြင့် တင်ပြထားတာဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် နမ့်ဖက်ကာကျေးရွာအုပ်စု၏ တည်နေရာအား အဝါရောင်စက်ဝိုင်းဖြင့် တင်ပြထားတာဖြစ်ပါတယ်။ အဆိုပါ နမ့်ဖက်ကာသို့ မူဆယ်-နမ့်ဖက်ကာ ဓာတ်အားလိုင်း၆၆ ကေဗွီ ဓာတ်အားလိုင်း မိုင်(၃၀) တည်ဆောက်ရန်နှင့် ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ရန်အတွက် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေမှာ ကျပ်သန်း(၅၄)ခန့် လိုအပ်တာ ဖြစ်ပါတယ်။

ဒုတိယပုံဖြင့် ဆက်လက်ရှင်းလင်းတင်ပြခွင့်ပြုပါ။ ဒုတိယပုံမှာ တင်ပြထားတာက အခုထပ်မံ တိုးချဲ့တည်ဆောက်ရမည့် ၆၆ ကေဗွီ လိုင်း မိုင်(၃၀)ကို မျဉ်းအစိမ်းရောင် Dubလေးများဖြင့် ဖော်ပြထားတာ ဖြစ်ပါတယ်။ အဆိုပါ ၆၆ ကေဗွီလိုင်းကို တည်ဆောက်ပြီးတဲ့အခါမှာ ဒုတိယအဆင့် အနေဖြင့် ၆၆ ကေဗွီ ၅ အမ်ဗွီအေ နမ့်ဖက်ကာဓာတ်အားလိုင်းခွဲရုံမှ ပတ်ဝန်းကျင်(၁၀)မိုင်အတွင်းရှိ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖက်ကာကျေးရွာအုပ်စု၊ နမ့်ဖက်ကာကျေးရွာ၊ ဇီးတဘန်ကျေးရွာ၊ မန်မောင်ကျေးရွာ၊

ပန်ကိုင်ကျေးရွာအုပ်စု၊ ပန်ကိုင်စုစည်းကျေးရွာ၊ ပန်ဂျရော့ကျေးရွာအုပ်စု၊ ပန်ဂျရော့ကျေးရွာ၊ ဟိုမောလော့ခွမ်ကျေးရွာ အုပ်စု၊ လော့ခွမ်ကျေးရွာ၊ ဟိုမောကျေးရွာ၊ ဝက်ဘာကျေးရွာ၊ ပန်လော့ကျေးရွာ အုပ်စု၊ ပန်လော့ကျေးရွာ၊ မိုင်းယုကျေးရွာအုပ်စု၊ မိုင်းယုလေးကျေးရွာ၊ ပန်ကိုင်ပန်လော့ကျေးရွာအုပ်စု၊ နမ့်ခိုင်ကျေးရွာ၊ မန်နိမ်းအွန်ကျေးရွာအုပ်စု၊ နိမ်လွန်းခိုမုန်းကျေးရွာအုပ်စု၊ အူရာဘွန်မန်ပြိန်းကျေးရွာအုပ်စု၊ ကောင်းခါးမန်ပြိန်းကျေးရွာအုပ်စု၊ စုစုပေါင်းကျေးရွာအုပ်စု(၁၁)စုရှိ ကျေးရွာပေါင်း(၁၆)ရွာ၏ အိမ်ထောင်စုပေါင်း (၃၂၃၈)အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၃၃.၈)မိုင်နှင့်၁၁/၀.၄ကေဗွီ ထရန်စဖော်မာ (၃၆)လုံး၊ (၄၀၀)ဗို့ဓာတ်အားလိုင်း (၂၉)မိုင် စသည့် တည်ဆောက်ရေးလုပ်ငန်းများကို ဒုတိယအဆင့်အဖြစ် ဆက်လက်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။

တင်ပြပါမြေပုံတွင် အနီရောင်Dubလိုင်းများဖြင့် ဆက်လက်တင်ပြထားတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းများအတွက် လိုအပ်တဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ကျပ်သန်း(၂၈၀၉)လိုအပ်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းလျာထား တောင်းခံသွားမှာဖြစ်ကာ ဒုတိယအဆင့် တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်နိုင်ရန်အတွက်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်ကာ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ စတုတ္ထမေးခွန်းဖြစ်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ထုမေ ၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လက်ရှိတွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်(၈)ရပ်ကွက်အား လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရန် အတွက်၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်(၁)လုံး၊၂၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် (၂)လုံး၊ စုစုပေါင်း ဒီဇယ်စက်(၃)လုံးဖြင့် လစဉ် ဒီဇယ်ဆီ (၄၄၀၃)ဂါလန် ထောက်ပံ့ပေးပြီး မီးသုံးသူဦးရေ (၁၅၉၃)ဦးအား လည်းကောင်း၊ မြေပုံမြို့နယ်ရှိ မြို့ပေါ်(၉)ရပ်ကွက်အား လျှပ်စစ်ဓာတ်အား ရရှိနိုင်ရန် ၅၀၀ ကေဗွီအေ ဒီဇယ် မီးစက်(၂)လုံးဖြင့် လစဉ် ဒီဇယ်ဆီ (၂၀၅၈)ဂါလန် ထောက်ပံ့ပေးပြီး မီးသုံးသူ (၁၀၉၀)ဦးအားလည်းကောင်း၊ ဌာနမှ တစ်ရက်လျှင် မီးပေးချိန် (၄)နာရီနှုန်းဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ မင်းပြားမြို့နယ်အား ဓာတ်အားစနစ်မှ ချိတ်ဆက်ဖြန့်ဖြူးပေးနိုင်ရန်၆၆ ကေဗွီ မြောက်ဦး-မင်းပြားဓာတ်အားလိုင်း (၁၇.၂၈)မိုင်နှင့်၆၆/၁၁ကေဗွီ၅ အမ်ဗွီအေ မင်းပြားဓာတ်အားစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်နေ့အထိ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းဟာ (၉၂.၂) ရာခိုင်နှုန်း ပြီးစီးပြီးတော့ ကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ရန် (၆.၈၇)မိုင်သာ ကျန်ရှိပါတယ်။

ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ ဓာတ်အားလိုင်းများ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာမှာ အချိန်နှင့်အမျှ ကြိုးစားတည်ဆောက်ကြပါသော်လည်း မြေပြင်လုပ်ငန်းခွင်မှာ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းခွင်နဲ့ ထိစပ်နေတဲ့ စိုက်ပျိုးရေးမြေများမှာ စပါးတွေစိုက်ထားခြင်း၊

တောင်ယာတွေ စိုက်ထားခြင်းများပြုလုပ်ထားပါက သက်ဆိုင်ရာလယ်သမားများရဲ့ အကျိုးစီးပွားကို ထိခိုက်နစ်နာမှာစိုးတဲ့အတွက်ကြောင့် အဆိုပါသီးနှံများ ရိတ်သိမ်းချိန်အထိ ကျွန်တော်တို့က စောင့်ဆိုင်းရပါတယ်။ ဒီအတွက် ရံဖန်ရံခါ မည်သို့ပင်လုပ်ငန်းကို လုပ်ဆောင်ချင်ကာမူ ကျွန်တော်တို့ ကြန့်ကြာဆိုင်းငံ့ရမှုများလည်း ရှိတတ်ပါတယ်။ မင်းပြားဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းကတော့ (၉၀) ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများ တည်ဆောက်ပြီးစီးပါက မင်းပြားမြို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းပင် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ မင်းပြားမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လိုအပ်သော၁၁ ကေဗွီအေ ဓာတ်အားလိုင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်းနှင့်၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများတည်ဆောက်ခြင်းလုပ်ငန်းကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် ထပ်မံ ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက်ကြောင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလခန့်တွင် ပြီးစီးနိုင်ရန် ကြိုးပမ်းရည်မှန်းဆောင်ရွက်လျက် ရှိပါတယ်။

ထို့အပြင် ဝန်ကြီးဌာနမှလည်း မြေပုံမြို့ကို ဓာတ်အားစနစ်မှ ချိတ်ဆက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် တည်ဆောက်လျက်ရှိသည့် မင်းပြားဓာတ်အားခွဲရုံမှ ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ Transformer မှတစ်ဆင့် ဓာတ်အားရယူနိုင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၃၃ကေဗွီ ဓာတ်အားလိုင်း (၄)မိုင်နှင့်၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ခြင်း၊ ဓာတ်အားဖြန့်ဖြူးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းလုပ်ငန်းများအပြင် ပေါက်တောမြို့ လုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်နေလျက်ရှိပြီး ၂၀၁၇ ခုနှစ်အတွင်း လုပ်ငန်းပြီးစီး၍ ကမ်းထောင့်ကြီးမြို့၊ တပ်တောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားစနစ်မှ ဓာတ်အားရရှိနိုင်ရန် တည်ဆောက်ဖို့အတွက် လိုအပ်လျက်ရှိသော ၃၃ ကေဗွီလိုင်း (၈၁.၇၅)မိုင်နှင့် ၃၃/၁၁ ကေဗွီ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၃)ရုံအနက် 33 KV Line (၃၅)မိုင်အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပထမအဆင့်အဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိသောလုပ်ငန်းများဖြစ်သည့် ၃၃ ကေဗွီလိုင်း (၄၆.၇၅)မိုင်နှင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၃)ရုံအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၄၂၇၈.၆၃)အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

၂၀၁၇ ခု နှစ်ကုန်ခန့်တွင် လုပ်ငန်းများပြီးစီးကာ တစ်ပြိုင်နက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် အတွက် လျာထား ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ကျောက်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရန် ဇင်ချောင်းကျေးရွာမှာ ၆၆/၁၁ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၆၆ကေဗွီ ဓာတ်အားလိုင်း (၀.၆) မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောခန့်မှန်းရန်ပုံငွေ ကျပ်သန်း (၂၂၀၀) အကုန်အကျခံ တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ထိုလုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် လျာထားထည့်သွင်း တင်ပြတောင်းခံသွားမှာဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ခွင့်ပြုငွေ ရရှိမှုပမာဏအပေါ် မူတည်ကာ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

တင်ပြပါလုပ်ငန်းများ ပြီးစီးပါက ရခိုင်ပြည်နယ်အတွင်းရှိ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ကမ်းထောင်းကြီးမြို့နှင့် ကျောက်ဖြူ တပ်တောင်မြို့ စုစုပေါင်း မြို့(၅)မြို့နှင့် ကျေးရွာစုစုပေါင်း(၆၅)ရွာ၏ အိမ်ထောင်စု စုစုပေါင်း (၃၁၁၃၉)အား ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများ

အောင်မြင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ ပဉ္စမမြောက် မေးခွန်းဖြစ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း မေးသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဆက်လက် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မိုးဗြဲရေလှောင်တမံကို ဘီလူးချောင်းပေါ်တွင် ၁၉၆၇ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် လုပ်ငန်းများ ပြီးစီးခဲ့တာဖြစ်ပါတယ်။ အသုံးပြုခဲ့သည့်သက်တမ်းမှာ စုစုပေါင်း (၄၅)နှစ်ခန့် ရှိပြီဖြစ်ပါတယ်။ အဆိုပါ ရေလှောင်တမံမှတစ်ဆင့် ဘီလူးချောင်းအမှတ်(၁)ဓာတ်အားပေးစက်ရုံ (၂၈) မဂ္ဂါဝပ်၊ ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ (၁၆၈)မဂ္ဂါဝပ်၊ ဘီလူးချောင်းအမှတ်(၃) ဓာတ်အားပေးစက်ရုံ (၅၂)မဂ္ဂါဝပ်တို့မှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်ကာ ရရှိတဲ့၊ ထွက်ရှိလာတဲ့ရေများကိုလည်း မူလချောင်းမှတစ်ဆင့် အများပြည်သူ အသုံးပြုလျက်ရှိပါတယ်။ ထိုကဲ့သို့ စက်ရုံများမှထွက်ရှိလာတဲ့ လျှပ်စစ်ဓာတ်အားကိုလည်း National Grid ကို ပို့လွှတ်ပြီးတော့ တစ်တိုင်းပြည်လုံးကို ဓာတ်အားဖြန့်ဖြူးပေးတာဖြစ်ပါတယ်။မိုးဗြဲရေလှောင်ကန်ဟာ ဓာတ်အားပေးစက်ရုံများ လည်ပတ်နိုင်ရန်အတွက် ရေအပြင် စိုက်ပျိုးဧက(၂၀,၀၀၀)အတွက်လိုအပ်တဲ့ရေနှင့် ကျေးရွာများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေများအတွက် နေ့စဉ် တစ်စက္ကန့်လျှင် ကုဗပေ(၁၆၀၀)မှ (၁၈၀၀)အထိ ဘီလူးချောင်းအတွင်း ထုတ်လွှတ်ပေးလျက်ရှိတာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် လွိုင်ကော်မြို့နှင့် ဒေါတချားရေလွှဲဆည်အကြား ဘီလူးချောင်းရေစီးဆင်းမှု ပိုမိုကောင်းမွန်ရန်အတွက် ချောင်းတစ်လျှောက်မှာရှိတဲ့ နေရာအချို့နှင့် ရေလယ်ကျွန်းအချို့ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တူးဖော်ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ဆောင်ရွက်ခဲ့တဲ့အတွက် မိုးများသည့်ကာလတွင် ကြားရေဝင်ရောက်မှုများ လျင်မြန်စွာ စီးဆင်းခဲ့ပြီး လွိုင်ကော်မြို့ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်မှုပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ၁၁-၃-၂၀၁၄ ရက်နေ့မှ ၁၉-၃-၂၀၁၄ ရက်နေ့အထိ မိုးဗြဲရေလှောင်တမံမှ အောက်ဘက် ဘီလူးချောင်းတစ်လျှောက် လွိုင်ကော်မြို့အထိ (၂၅)ကီလိုမီတာအရှည်ခန့်ကို (၁)ကီလိုမီတာခြား ချောင်းဖြတ်ပိုင်း ပုံတိုင်းတာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဘီလူးချောင်း၏ တိမ်ကောမှုအခြေအနေများကိုလည်း စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ဘီလူးချောင်းဟာ မိုးဗြဲဆည်မှ လွိုင်ကော်မြို့အောက် ဒေါတချားရေထိန်းတံခါးအထိ (၂၇)မိုင်ခန့် ရှည်လျားပြီး ထိုချောင်းရဲ့ ရေရှည်တည်တံ့ စီးဆင်းနိုင်ရန်အတွက် ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ဖို့ ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုသီးသန့်ရန်ပုံငွေ ကျပ်(၂)ဘီလီယံ သုံးစွဲခွင့် ရရှိခဲ့ပြီး ဦးစားပေး ဆောင်ရွက်မည့်လုပ်ငန်းများကို မြေပြင်မှာ ကွင်းဆင်းစစ်ဆေး တိုင်းတာခဲ့ပါတယ်။

အဆိုပါလုပ်ငန်းများမှာ (က) ဒေါတချားရေထိန်းတံခါး၏အထက် (၈၀၀)မီတာခန့်အကွာမှာ ရေလယ်ကျွန်းတစ်ကျွန်းတည်ရှိပြီး ရေမှော်ပေါက်များဖြင့် ခွဲဖြာစီးဆင်းနေခြင်း၊ (ခ) မှုံပြာကျေးရွာရှေ့တွင် အလျား(၇၀)မီတာ၊ အနံ(၇)မီတာရှိ ရေမှော်မြက်ကျွန်း(၁)ခုဖြစ်ပေါ်နေခြင်း၊ (ဂ) မှုံပြာကျေးရွာ၏ အောက်ဘက် ဘီလူးချောင်း၏ လက်ယာဘက်ခြမ်းတွင် ငွေတောင်ချောင်းနှင့် ပေါင်းဆုံသည့်နေရာ၌ သဲသောင်များဖြစ်ပေါ်နေခြင်းနှင့် ရေမှော်မြက်ကျွန်းများ၊ သဲနှင့် ဗြုန်းကျောက်စရစ်များ ပို့ချနေခြင်း၊ (ဃ) သီရိမင်္ဂလာရပ်ကွက်နှင့် မိုင်းလုံးရပ်ကွက်အတွင်းရှိ ဘီလူးချောင်းရေကြောင်းမှာ ရေစစ်မျဉ်းအောက် (၁)မီတာခန့်သာရှိပြီး သီရိမင်္ဂလာရပ်ကွက် ကမ်းရင်းတစ်လျှောက်တွင် တံစုန်း(snag)များတွေ့ရှိရခြင်း၊

(င) ကန္တ၀တီတံတားမှဒေါ်နော်ခူးတံတားအထိ ရေလမ်းကြောင်းကောင်းမွန်သော်လည်း တံစုန်း(၁၈၄၅) များနှင့် ကမ်းဘေးရေမှော်မြက်များတည်ရှိခြင်း၊ (စ) ဒေါ်နော်ခူးတံတားမှ နမ့်ကွတ်ကျေးရွာအထိ ရေကြောင်းမှ ရေစစ်မျဥ်းအောက်(၂)မီတာထက်များသော်လည်း ကျောက်တန်း၊ ရေမှော်မြက်ကျွန်းများ၊ တံစုန်းများ တည်ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ စစ်ဆေးတွေ့ရှိချက် ရလဒ်များအရ လွိုင်ကော်မြို့ အထက်ဘက်အနီး မှုံပြာရွာမှ ဒေါတချား ရေထိန်းတံခါးအထိ ရေစီးရေလမ်းကြောင်းတွင် ပိတ်ဆို့နေသော သဲသောင်များဖယ်ရှားခြင်းလုပ်ငန်းများနှင့် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို ကယားပြည်နယ်၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀-၁၁-၂၀၁၅ ရက်နေ့မှ ၁၇-၃-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မှုံပြာရွာမှ ကျောက်ပြားစက်တံတားအကြား သဲနုန်းဖို့သောနေရာများကို ဖယ်ရှားခြင်း၊ ကျောက်ပြားစက်တံတားနှင့် ဂျပန်တံတားအကြား သဲနုန်းများဖယ်ရှားခြင်း၊ ကျောက်ပြားစက်တံတားနှင့် ဂျပန်တံတားအကြား ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း၊ ဂျပန်တံတားနှင့် နန်းကွတ်အကြား သဲနုန်းဖို့သောနေရာများအား ဖယ်ရှားခြင်း၊ ဒေါတချား ရေထိန်းတံခါးအထက်ရှိ ကျွန်းမွှာ (၁၃)မွှာအား ဖယ်ရှားခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။

သို့ဖြစ်ပါ၍ မိုးပြဲရေလှောင်တမံမှ ဓာတ်အားပေးစက်ရုံများ လည်ပတ်ထုတ်လုပ်နိုင်ရေး အတွက် ထုတ်လွှတ်လိုက်သောရေသည် ဘီလူးချောင်းမှတစ်ဆင့် ဓာတ်အားပေးစက်ရုံများအထိ ချောမွေ့စွာ ရောက်ရှိသွားရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပုံမှန်စစ်ဆေး ထိန်းသိမ်းမှုများ လုပ်နေသောလုပ်ငန်းများ ဖြစ်ပါကြောင်းနှင့် ဘီလူးချောင်း တိမ်ကောနေမှု အခြေအနေကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပြီး လေ့လာထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဆက်လက်၍ ဆဋ္ဌမမြောက် မေးခွန်းဖြစ်ပါသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက် ရှင်းလင်း တင်ပြခွင့်ပြုပါခင်ဗျား။ မြေပုံနှင့်တကွ တင်ပြခွင့်ပြုပါခင်ဗျာ။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ညောင်ပင်အိုင့်ကျေးရွာအုပ်စု၊ ချိုင်းကျေးရွာအုပ်စု၊ ကန်ကြီးကျေးရွာအုပ်စု၊ ရုံးကုန်းကျေးရွာအုပ်စု၊ နဂါးကျေးရွာအုပ်စု၊ လေးတိုင်စင် ကျေးရွာအုပ်စု၊ ဖောင်းကွဲကျေးရွာအုပ်စု၊ ချောင်းဆုံကျေးရွာအုပ်စု၊ အင်တောကျေးရွာအုပ်စု၊ စခန်းကန်ကျေးရွာအုပ်စုနှင့် မကြီးကန်ကျေးရွာအုပ်စု စုစုပေါင်းကျေးရွာအုပ်စု (၁၁)စုအတွင်းရှိ ကျေးရွာပေါင်း(၅၄)ရွာအား လျှပ်စစ် ဓာတ်အားရရှိနိုင်ရေးအတွက် မကွေးမြို့ရှိ 132/33 KV 15 MVA မကြီးကန် ပင်မဓာတ်အားခွဲရုံမှ ရေနံချောင်းမြို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် 33 KV ဓာတ်အားလိုင်းမှ Tap off Line ဖောက်ထုတ်ယူကာ ချိုင်းကျေးရွာအုပ်စု၊ သရက်တောကျေးရွာတွင် 33/11 KV 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးရမှာဖြစ်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ လက်ရှိမြေပုံမှာ တင်ပြထားတာကတော့ လက်ရှိအခြေအနေမှာ ဓာတ်အားဖြန့်ဖြူးပေးထားတဲ့ အခြေအနေလေးကို တင်ပြထားတာဖြစ်ပြီး ဆက်လက်ပြီး ဒုတိယမြေပုံပါ တင်ပြပါရစေ။ ဒုတိယမြေပုံမှာ မူလဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားလိုင်း အလယ်ခန့်ကနေပြီးတော့ လိုင်းကိုဖောက်ယူကာ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အဆိုပြု ကျေးရွာအုပ်စုများအတွက် ဆက်လက် တည်ဆောက်သွားရမယ့်အနေအထား ဖြစ်ပါတယ်။

တတိယတစ်ပုံနဲ့ ထပ်မံတင်ပြခွင့်ပြုပါခင်ဗျာ။ တတိယတစ်ပုံမှာ လိုင်းဖောက်ယူရမယ့်နေရာမှ ညာဘက်သို့ အဝါရောင်လိုင်းဖြင့် တည်ဆောက်ပြီး သရက်တောကျေးရွာအုပ်စုမှာ ဓာတ်အားခွဲရုံ 5 MVA ဓာတ်အားခွဲရုံ တည်ဆောက်ဖို့တင်ပြထားတာဖြစ်ပါတယ်။ အဆိုပါ 5 MVA ခွဲရုံ တည်ဆောင်ရေးလုပ်ငန်း အတွက် လိုအပ်မယ့်ဘတ်ဂျက်ရန်ပုံငွေဟာ ကျပ်သန်း (၁၀၉၀.၉၀၆)သန်းဖြစ်ကြောင်း တွက်ချက်ရရှိ ပါတယ်။ အဆိုပါ ဘတ်ဂျက်ရန်ပုံငွေပမာဏကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက် တွင်လည်းကောင်း၊ အဆိုပါ 33 KV ဓာတ်အားခွဲရုံမှတစ်ဆင့် ကျေးရွာအုပ်စု(၁၁)ခုထံသို့ ဓာတ်အား ဆက်လက်ဖြန့်ဖြူးနိုင်ရန် တည်ဆောက်ရမည့် 11 KV ဓာတ်အားလိုင်း (၄) မိုင် တည်ဆောက်ခြင်းအတွက် လိုအပ်သော ဘတ်ဂျက်ရန်ပုံငွေကျပ်သန်း (၁၁၆)ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဘတ်ဂျက်ရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပေးပါရန် ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုမှု လုံလောက်စွာရရှိပါက အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။

ထိုလုပ်ငန်းများကို ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့ဝန်ကြီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ မေး၊ မေးလို့ရတယ်။ ဘာမေးမှာလဲ။

**အချိန်၊ ၁၁း၁၃။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ကျွန်တော်တို့ ဒီ ရေနံ ပိုက်လိုင်းစီမံကိန်းနဲ့ ပတ်သက်ပြီးတော့ အရင် (န.အ.ဖ)အစိုးရလက်ထက် ၂၀၀၉ ခုနှစ်မှာ တရုတ်ပြည်မှာ လက်မှတ်ရေးထိုးတယ်။ ၂၀၁၀ ခုနှစ်မှာ မြန်မာပြည်မှာ လက်မှတ်ရေးထိုးတယ်။ စီမံကိန်းဟာ၂၀၁၁-၂၀၁၄ မှာ အကောင်အထည်ဖော်ပြီးတော့ ၂၀၁၄ မှာ Operate လုပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြေယာတွေ သိမ်းတာဟာ ၂၀၁၁ နဲ့ ၂၀၁၄ အတွင်းမှာ သိမ်းယူပါတယ်။ ခုန ဝန်ကြီးသက်သေပြသွားတဲ့ ပြည်ထဲရေးဝန်ကြီးကနေပြီးတော့ ကျွန်တော်တို့ မြေယာတွေကိုမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကနေ ပိုင်ဆိုင်ကြောင်းစာက၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့လို့ တွေ့လိုက်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရှေ့နောက်လုပ်ငန်းစဉ် လွဲနေတာလေး ဒါလေး ကျွန်တော်ထောက်ပြတာပါ။ ကျွန်တော် အဓိကမေးလိုတဲ့ မေးခွန်းကတော့ ဒီစီမံကိန်းနှင့်ပတ်သက်ပြီး နိုင်ငံတော်က ဘယ်လောက်အကျိုးရှိလဲ ဆိုတဲ့ကိစ္စပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ ဒီစီမံကိန်းကြီးကြောင့် သူများနိုင်ငံအတွက် ကိုယ့်နိုင်ငံကို ထက်ဝက်ကြီးပိုင်းပြီးတော့ အလျားလိုက် ပိုင်းဖြတ်ခံရတာ လူတိုင်း ရင်ထဲမှာ ခံစားကြရပါတယ်။ အဲဒီတော့ ကိုယ်က ဘယ်လောက်အကျိုးအမြတ်ရသလဲဆိုတဲ့မေးခွန်းလေး မေးချင်ပါတယ်။ စောစောက ဝန်ကြီးပြောသွားသလိုပဲ ကျွန်တော်တို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းဟာ ဂက်စ် စီမံကိန်း ------------

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်ကြီး၊ ကိုယ်စားလှယ်ကြီးက မေးခွန်းမှာက ပြန်ပြင်ဖို့ ဒီ အကျိုးအမြတ် ဘယ်လောက်ရှိတယ်ဆိုတာ မေးခွန်းထဲမှာ မပါဘူး။ မေးခွန်းထဲ မပါတဲ့အတွက် ကိုယ်စားလှယ်ကြီးမေးတာက ခုန ဒီစာချုပ်တွေ ချုပ်ထားတာဟာ ဥပဒေနဲ့ မညီညွတ်လို့ ဘယ်လို လုပ်မလဲဆိုတာ မေးထားတာနော် ။ အကျိုးရှိတာ၊ မရှိတာ မေးခွန်းထဲမပါဘူး။ သက်ဆိုင်တာကိုမေးပါ။

**အချိန်၊ ၁၁း၁၃။**

**ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့ခင်ဗျ။ အဲဒါ ဆိုရင် ကျွန်တော် ခုနပြောတဲ့ ဒီ ပြည်ထဲရေးဝန်ကြီးရဲ့လက်မှတ်ဟာ ဘာကြောင့် စာလေးဟာ Operate လုပ်ပြီး (၂)နှစ်ကျော်ကြာမှ ထွက်သလဲဆိုတဲ့အကြောင်းလေး ဖြေနိုင်ရင် ဖြေကြားပေးပါရန် မေးမြန်း အပ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းနှင့်ပတ်သက်ပြီးတော့ မြေယာများ သိမ်းဆည်းတဲ့ကိစ္စမှာ မြေ အမည်ကို တရုတ်ကုမ္ပဏီ ပိုင်ဆိုင်ခြင်းလား၊ ကျွန်တော်တို့ မြန်မာအစိုးရဝန်ကြီးဌာနရဲ့ အဖွဲ့အစည်း တစ်ခုက ပိုင်ဆိုင်ခြင်းလားနှင့်ပတ်သက်တဲ့ မူလ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ယခု ထပ်ဆင့်မေးခွန်းကတော့ ရက်စွဲကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီ မြေယာများကို ဆောင်ရွက်ရတဲ့အချိန်မှာ အပိုင်းအလိုက် ကျွန်တော်တို့တွေ အများကြီးဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီကိစ္စရပ်ကို ဆောင်ရွက်တဲ့ အချိန်မှာ ကျွန်တော်တို့က အောက်ခြေမြို့နယ် အဆင့်ဆင့်ကနေတစ်ဆင့် ခရိုင်တွေ၊ တိုင်းတွေ ဒီလို တည်ဆောက်ဖြတ်သန်း ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ယခု ကျွန်တော် နမူနာအဖြစ်ယူလာတဲ့ဟာသည် ပိုက်လိုင်းစီမံကိန်း တစ်ခုလုံးမှာ အကျုံးဝင်တဲ့ မြေများအားလုံးအတွက် Document တော့ မဟုတ်တာ အမှန်ပါပဲ။ ဘာကြောင့်လဲဆိုရင် သက်ဆိုင်ရာမြေကို ကျွန်တော်တို့က အပိုင်းလိုက်၊ အပိုင်းလိုက် ကျွန်တော်တို့ အဲဒီလို ဆောင်ရွက်ရတာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နမူနာ ယူလာတဲ့စာရွက်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို အချိန်မတူဘူးဆိုတာလည်းမှန်ပါတယ်။သို့သော်ကျွန်တော်တို့က အပိုင်းလိုက်၊ အဆင့်လိုက် ဆောင်ရွက် သွားခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ရက်စွဲကတော့ အချိန်တွေ မတူဘူးဆိုတာတော့ ဖြစ်နေပါတယ်။ သို့သော် ကျွန်တော် ရှင်းလင်းတင်ပြချင်တာကတော့ ပိုက်လိုင်းတစ်လျှောက်ရှိ မြေများအားလုံးကို မြေအမည်ပေါက် ပိုင်ဆိုင်မှုသည် ကျွန်တော်တို့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မြေအမည်ပေါက် ပိုင်ဆိုင်ခြင်း သာ ဖြစ်ပါတယ်လို့ ကျွန်တော်က နမူနာအဖြစ် တစ်စောင်ကို ယူခဲ့ရတာဖြစ်ပြီး အဆိုပါ ပိုက်လိုင်း တစ်လျှောက် မြေနဲ့ပတ်သက်တဲ့ Document ဟာ သယ်လာဖို့ အတော်လေးအခက်အခဲ ရှိပါတယ်။ ဒါ ကျွန်တော် နမူနာတစ်စောင် ယူလာတာဖြစ်တဲ့အတွက်ကြောင့် နမူနာအရ ဒီရက်စွဲကတော့ ဒီလိုဖြစ် နေတာ။ ပိုက်လိုင်းကြီးတစ်ခုလုံးကို (၁၀၀)ရာခိုင်နှုန်း ဒီတစ်စောင်နှင့် ကျွန်တော်တို့ လွှမ်းခြုံထားတာ

မဟုတ်တဲ့အတွက် ကွဲလွဲရခြင်းဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၇ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အသက်အန္တရာယ်ကင်းဝေးပြီး စားဝတ်နေရေး အဆင်ပြေစွာ ဘဝလုံလုံခြုံခြုံ ရပ်တည်နိုင်ရေး၊ အကြမ်းဖက်သမားများ ကျူးကျော်သူများ နောက်ထပ်မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း က မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အသက်အန္တရာယ်ကင်းဝေးပြီး စားဝတ်နေရေး အဆင်ပြေစွာ ဘဝလုံလုံခြုံခြုံ ရပ်တည်နိုင်ရေး၊ အကြမ်းဖက်သမားများ၊ ကျူးကျော်သူများ၊ နောက်ထပ်မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒီအဆိုကို အဆိုမတင်သွင်းခင် ကျွန်တော် ဒီ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်ကို သတိပေးဖို့နှင့် လွှတ်တော်ကို ရှင်းလင်းတင်ပြဖို့ အကြောင်းအရာလေး ပေါ်ပေါက်လာပါတယ်။

ဘာလို့လဲဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအဆိုကို ကိုယ်စားလှယ်ကြီးက နိုဝင်ဘာလ ၂၁ ရက်နေ့က အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့ပါတယ်။ ဥက္ကဋ္ဌထံကို။ အရေးကြီးအဆိုတင်သွင်းတော့ ဥက္ကဋ္ဌအနေနဲ့ အရေးကြီးအဆိုနဲ့ သက်ဆိုင်တဲ့ဥပဒေနဲ့ ကြည့်လိုက်တော့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)၊ အပိုဒ်ခွဲ(၁)(၂)နဲ့ မညီညွတ်လို့၊ မညီညွတ်ဘူးဆိုပြီး ကျွန်တော်ခွင့်မပြုခဲ့ပါဘူး။ အဲဒီလို ခွင့်မပြုလို့ ဒါ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီ ခွင့်မပြုတာကို ရှင်းလင်းပြောကြားစရာ မလိုပါဘူး။ ဒါပေမဲ့ ကိုယ်စားလှယ်ကြီးက ဒီအရေးကြီးအဆိုကို တင်သွင်းတဲ့နေရာမှာဒီအမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေတွေကို သေသေချာချာ မဖတ်ဘူးဆိုတဲ့ အချက်လေးသွားတွေ့ပါတယ်။ အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌအနေနဲ့ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့လည်းနောက်ထပ်(၄)နှစ်၊ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ရမယ်။ ဒီလိုဥပဒေမကြည့်ဘဲလုပ်ချင်ရင် ဒီ(၄)နှစ်အတွင်းမှာ ဟိုဟာဖြစ်မယ်။ စေတနာနဲ့ သူ့ကိုခေါ်ပြီးတော့ ဘာကြောင့်ပယ်ရတယ်၊ လက်မခံတယ်ဆိုတာ ဥပဒေကို ဖတ်ပြပြီးတော့ တစ်ခုချင်း သူ့ကိုရှင်းပြပါတယ်။ ပယ်လိုက်တာက ဒီဥပဒေနဲ့ မညီညွတ်လို့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က)၊ (၁)(၂)နဲ့ မညီညွတ်လို့ ပယ်ပါတယ်လို့ လက်မခံ ပါဘူးလို့ သူ့ကိုပြောပြလိုက်ပါတယ်။ ဒါပေမဲ့ ညဘက် ညအိမ်ပြန်ရောက်တော့ Facebook တက်လာ တဲ့အခါကျတော့ ဒီကိုယ်စားလှယ်က မီဒီယာတွေနဲ့ အမေးအဖြေလုပ်ထားတာ သွားတွေ့ရပါတယ်။ အဲဒီမှာ ဘာပါလဲဆိုတော့ သူ့အဆိုက ပြည့်စုံပေမယ့် ဥက္ကဋ္ဌက မေးခွန်းအဖြစ် ပြောင်းတင်ပါဆိုပြီး ပြောင်းတင်ခိုင်းတယ်ဆိုပြီး ပါလာပါတယ်။

နောက်တစ်ခါ ဘာပါလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ မေးခွန်းတွေ၊ အဆိုတွေ မေးမြန်းချင်တယ်၊ ဒီလိုအဆိုတင်သွင်းနိုင်တာကို မေးခွန်းပြောင်းပြီးမေးတဲ့ အခါကျတော့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အခွင့်အရေး ဆုံးရှုံးပါတယ်ဆိုပြီးတော့ ပါတဲ့အပြင် ကျန်တဲ့ကိုယ်စားလှယ်တွေ ကလည်း ဆွေးနွေးထားတာ တွေ့ရပါတယ်။ နောက်နေ့မနက် ရုံးတက်တော့ Daily Eleven သတင်းစာ ထဲမှာ ပြူးပြီးတော့ပါလာတယ်။ ဒီအကြောင်း။ ကျွန်တော် ဖတ်ပြပါမယ်။ ပထမဦးဆုံး ကျွန်တော့်အနေနဲ့ ဘာကြောင့်ဒီကိုယ်စားလှယ်အနေနဲ့ ဥပဒေမဖတ်ဘူးလဲဆိုတဲ့ အထောက်အထားလေး ကျွန်တော်ပြပါမယ်။ သို့ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်၊ အကြောင်းအရာ၊ အရေးကြီးအဆိုတင်သွင်းခြင်း၊ အရေးကြီးအဆို၊ ရည်ညွှန်းချက်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ တင်သွင်းခြင်း၊ အဲဒီတော့ ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဒီဟာကို ကြည့်လိုက်ခြင်းအားဖြင့် ကိုယ်စားလှယ်ဟာ ဥပဒေကို မဖတ်ဘူးဆိုတာ အတော်ထင်ရှားသွားပါတယ်။ ဘာလို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေမှာ အဆို(၂)မျိုးရှိပါတယ်။ ခုနက အရေးကြီးအဆိုတစ်ခုနဲ့ ကျွန်တော်တို့ အဆိုပါ၊ အဲဒီတော့ အဆိုတစ်ခုက ဘာလဲဆိုတော့ သူတင်တာက ၁၅၆ နဲ့ တင်ပါတယ်လို့ ဖော်ပြထားပါတယ်။ ရည်ညွှန်းချက်က။ ဒါပေမဲ့ အကြောင်းအရာကျတော့ အရေးကြီး အဆို ဆိုပြီး တင်ထားပါတယ်။ သူ့ရဲ့ လုပ်ရပ်ကလည်း အရေးကြီးအဆိုမှာ ဒါကိုယ်စားလှယ်များ သိပြီးဖြစ်ပါတယ်။ အရေးကြီးအဆို ဆိုတာက ဥက္ကဋ္ဌဆီ တိုက်ရိုက်တင်ရတာ၊ အစည်းအဝေးမစတင်မီဖြစ်စေ၊ အစည်းအဝေးကျင်းပနေချိန်တွင် ဥက္ကဋ္ဌဆီတိုက်ရိုက်တင်တဲ့ အဆိုပါ။ သာမန်အဆိုနဲ့ မတူပါဘူး။၁၅၆နဲ့ မတူပါဘူး။ တကယ်တမ်း သူ အရေးအကြီးဆိုတင်ရမယ်ဆိုရင် နည်းဥပဒေ ၁၅၉ နဲ့ တင်ရမှာပါ။ အခု သူက ၁၅၆ နဲ့ တင်တယ် ဆိုပြီးတော့ ပြောတယ်။ အဲဒီ ၁၅၆ နဲ့ ၁၅၇ မှာ ဘာဖော်ပြထားသလဲဆိုရင် နည်းဥပဒေ ၁၅၆ အရ

လွှတ်တော်သို့ အဆိုတင်သွင်းလိုလျှင် တင်သွင်းသူသည် အဆိုလွှာတွင် လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ရမည်။

ဒါ ခုနက ၁၅၆၊ ခုနက လွှတ်တော်ကိုယ်စားလှယ်တင်သွင်းတဲ့ ရည်ညွှန်းချက် ၁၅၆ ဆိုရင် ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်ဆီမှာ တင်ရမှာပါ။ ဒါပေမဲ့ သူတင်လာတာက အရေးကြီးအဆို ဆိုပြီးတော့ ဥက္ကဋ္ဌဆီ တိုက်ရိုက်တင်လာတယ်။ ဒါကို ကြည့်လိုက်ခြင်းအားဖြင့် ကိုယ်စားလှယ်ဟာ ဒီနည်းဥပဒေကို မဖတ်ဘူးဆိုတာ ကျွန်တော် ထင်ထင်ရှားရှားတွေ့သွားရတယ်။ ဒါလည်း ခုနကလို ဥက္ကဋ္ဌ ပြောပြသလိုပဲ ဒီလိုမဖတ်တဲ့အခါ နောက်ထပ် သူ(၄)နှစ်မှာ သူဘယ်လိုလုပ်မလဲ။ သူမဖတ်ရင်။ အဲဒါကြောင့်မို့လို့ စေတနာနဲ့ သူ့ကိုခေါ်ပြီးတော့ ဒီမှာ အရေးအကြီးအဆိုဟာ ၁၅၉ ပြဋ္ဌာန်းချက်နှင့် မညီဘူးဆိုပြီးတော့ တစ်ခုချင်းဖတ်ပြီးတော့ ဥပဒေကို ဖတ်ပြပြီးတော့၊ ဒါကြောင့် ဒီအဆိုကို ခွင့်မပြုဘူး လို့ ပြောခဲ့ပါတယ်။ ဒါ ခုနက နှစ်ယောက်ချင်းပြောရင် အငြင်းအခုန်ဖြစ်မှာကြောက်လို့ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်ကို အနားမှာခေါ်ထားပြီး ပြောပါတယ် သူ့ကို။ ဒါပေမဲ့ ခုနက ကျွန်တော် ပြောသလိုပဲ တကယ်တမ်း မီဒီယာနဲ့ သွားတဲ့အခါကျတော့ ဥပဒေအရမညီညွတ်လို့ လက်မခံတာ မဟုတ်ဘဲနဲ့ အဆိုကို မေးခွန်းအဖြစ်ပြောင်းပေးပါဆိုတဲ့အခါ အဓိပ္ပာယ်က ဆန့်ကျင်ဘက်ကြီး ဖြစ်သွားတယ်။ အဓိက က ကိုယ်စားလှယ်လုပ်တာက ဥပဒေနှင့်မညီလို့လုပ်တာကို ဥပဒေနှင့်မညီလို့ ဥက္ကဋ္ဌက ခွင့်မပြုတာ။ ဒါပေမဲ့ မီဒီယာမှာ သွားပြောလိုက်တဲ့အခါကျတော့ သူက ဥပဒေအရ အမှန်လုပ်တယ်။ ဥက္ကဋ္ဌက ဥပဒေချိုးဖောက်တဲ့ ပုံစံမျိုးဖြစ်နေတယ်။

ဒါ ကျွန်တော်တို့ လွှတ်တော်ကို အများကြီး ထိခိုက်သွားပါတယ်။ ကျွန်တော် ဖတ်ပြပါမယ်။ ဒါဘာလဲဆိုတော့ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်ရဲ့ အပြောအဆိုက အရမ်းအရေးကြီးပါတယ်။ ဒီမှာ ကျွန်တော်တို့ ၂၂-၁၁-၂၀၁၆ Daily Eleven မှာ စာလုံးကို ပြူးပြဲနေတာပဲ ပါလာတာ။ ခေါင်းစဉ် အကြီးကြီးနဲ့၊ ကျွန်တော်ဖတ်ပြပါမယ်။ ရခိုင်ပြည်နယ်၊ မောတောခရိုင်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စု အားလုံး ဘဝလုံလုံခြုံခြုံ ရပ်တည်နိုင်ရေး၊ အကြမ်းဖက်သမားများ ကျူးကျော်သူများ နောက်ထပ် မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးရန် အစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆို တင်သွင်း ခွင့်မရ။ ဒါခေါင်းစဉ်ကြီးနဲ့ ရေးလိုက်တယ်။ အဲဒီအထဲမှာ ဘာပါလဲဆိုတော့ အချိန်လေးတော့ သည်းညည်းခံပေးပါ။ ဒါ အရေးကြီးလိုအပ်လို့ နောက်ထပ်ကျန်ကိုယ်စားလှယ်တွေလည်း နမူနာယူနိုင် အောင်ပါ။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး အန္တရာယ် ကင်းဝေးပြီး စားဝတ်နေရေး အဆင်ပြေစွာ ဘဝလုံလုံခြုံခြုံ ရပ်တည်နိုင်ရေး အကြမ်းဖက်သမားများ၊ ကျူးကျော်သူများ နောက်ထပ်မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို အမျိုးသားလွှတ်တော်တွင် တင်သွင်းခွင့် မရရှိခဲ့ကြောင်း အဆို တင်သွင်းခဲ့သူထံမှ သိရသည်။

အဆိုပါ အရေးကြီးအဆိုကို နိုဝင်ဘာလ ၂၁ ရက် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရခိုင်အမျိုးသားပါတီမှ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း က တင်သွင်းခြင်းဖြစ်ပြီး၊ လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းရန် ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ဦးကျော်ကျော်ဝင်း က ပြောကြားပါသည်။ဒါခုန ကျွန်တော်တင်ပြခဲ့သလို ကျွန်တော့်ပြောကြားချက်တွေကို မယုံရင် ညွှန်ကြားရေးမှူးချုပ်ကို မေးနိုင်ပါ

တယ်။ ပြောတာက မေးခွန်း ပြောင်းမေးခိုင်းတာမဟုတ်ပါဘူး။ ဥပဒေနှင့်မညီလို့ လက်မခံတာပါ။ ဘာကြောင့် ဥပဒေနှင့်မညီလဲဆိုရင် ကျွန်တော် ဆက်လက်တင်ပြပါမယ်။ ဒါ ကျွန်တော်တို့ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အဆိုနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ အရေးကြီးကိစ္စ တစ်ရပ်ကိုဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်းကဏ္ဍ ၁၆၄ အပိုဒ်၊ အရေးကြီးကိစ္စ တစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ (က) ဥက္ကဋ္ဌသည် အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်လျှင် အများပြည်သူနှင့်သက်ဆိုင်သော လောလောဆယ် အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် အဆိုတင်သွင်းခွင့်ပြုနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ အခုဟာ အကုန်လုံးဖတ်ရင် ကျွန်တော် အချိန်မရဖြစ်လို့ ပယ်တဲ့ပုဒ်မတွေပဲ ကျွန်တော် ဖတ်ပြပါမယ်။ အဲဒီ (က)(၂)မှာ အဆိုသည် လောလောဆယ်ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်၍ အများပြည်သူနှင့် အရေးတကြီးသက်ဆိုင်သော ကိစ္စလည်းဖြစ်သည့်အပြင် လွှတ်တော်၏ဆုံးဖြတ်ချက်ကို ရယူရန် လိုအပ် သောကိစ္စလည်း ဖြစ်ရမည်။ ဒီ(၂)မှာ ဒါ ဥပဒေသမားတိုင်းသိပါတယ်။ ဥပဒေကိုတော့ ဒါသူ့အပြစ် ပြောတာလည်းမဟုတ် နားလည်အောင် နောက်ဆုံးပြောတာ (၃)ချက်ပါတယ် အပိုဒ်(၂)မှာ။ ဘာလဲဆို တော့ ဒီအဆိုဟာ လောလောဆယ် ပေါ်ပေါက်လာတဲ့ ကိစ္စဖြစ်ရမယ် (၁)ချက်၊ နောက်တစ်ခါ အများ ပြည်သူနဲ့ အရေးတကြီးသက်ဆိုင်သော ကိစ္စဖြစ်ရမယ်။

နောက်တစ်ချက်က လွှတ်တော်၏ ဆုံးဖြတ်ချက်ကိုရယူရန် လိုအပ်သောကိစ္စလည်း ဖြစ်ရ မည်။ ဒီ(၃)ချက်နဲ့ပြည့်ရမယ် ဖြစ်ပါတယ်။ အဲဒီတော့ ခုနက ကိုယ်စားလှယ်အနေနဲ့ အရေးကြီးအဆိုမှာ လောလောဆယ် ပေါ်ပေါက်လာသော ကိစ္စလည်းဖြစ်ဆိုတော့၊ လောလောဆယ် ပေါ်ပေါက်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဖြစ်တာကြာပါပြီ။ ဒါသူ့လည်းရှင်းပြပါတယ်။ အဲဒီလို ပေါ်ပေါက်လို့ အစိုးရကလည်း မဆောင်ရွက်ပေးဘူး၊ ပြည်သူ့ရဲတို့၊ တပ်မတော်တို့ကလည်း မဆောင်ရွက်ပေးလို့ဆိုရင်လည်း ထားလိုက် တော့၊ ချက်ချင်းဆောင်ရွက်ပေးတယ်လို့ရှင်းပြတယ်။ တပ်မတော်က သွားဆောင်ရွက်ပေးလို့ လူ့အခွင့် အရေးချိုးဖောက်ပါတယ်တောင် အပြောခံနေရတယ်။ နောက်တစ်ခါ ယာယီတပ်ရင်းမှူး တစ်ယောက် ကျသွားပါတယ်။ ဒါ တပ်မတော်က အားကြိုးမာန်တက် လုပ်ဆောင်တာပါ။ နောက်တစ်ခါ ဖတ်မိမှာပါ၊ အထူးတပ်ဖွဲ့တွေပို့ခဲ့တယ် တပ်မတော်က။ကြာလာပြီ။ အခု လောလောဆယ်ဖြစ်တဲ့ ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့် ဒီအချက်နဲ့မညီညွတ်ပါဘူး(၁)ချက်။ နောက် အများပြည်သူနဲ့ အရေးကြီးဆိုင်တယ်ဆိုတာ ဒါကတော့ ညီညွတ်ပါတယ်။ နောက် လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို ရယူရန်လိုအပ်သော ကိစ္စလည်း ဖြစ်ရမည်။ ဒီမှာ မညီညွတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီလိုလုံခြုံရေးသွားလုပ်ပေးတာ တပ်မတော်၊ ရဲတွေ လုံခြုံရေးလုပ်ပေးတာ၊ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ယူစရာမှ မလိုတာ အခုလုပ်ပေးနေတာ၊ ခုနက ကျွန်တော်တို့ အထူးတပ်တွေပို့တယ်၊ ပင်လယ်ထဲမှာ လုံခြုံရေးတွေသွားလုပ်နေတာ၊ လွှတ်တော် ဆုံးဖြတ်ချက်ယူစရာမလိုပါဘူး။ အဲဒါကြောင့် အရေးကြီးအဆိုဟာ ဒီအချက်နဲ့လည်း မညီပါဘူး။

နောက်တစ်ခါ (၃) အဆိုသည် လွှတ်တော်တွင် သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေး ရန် မဖြစ်နိုင်သော ကိစ္စဖြစ်ရမည်။ ဒါကတော့ တော်တော်စဉ်းစားရမယ်။ ဥပဒေသမားတွေလောက်ပဲ နားလည်မှာ၊ လွှတ်တော်တွင် သာမန်နည်းလမ်းအားဖြင့် တင်ပြဆွေးနွေးရန် မဖြစ်နိုင်သော ကိစ္စဖြစ်ရ မည်။ ဘာဖြစ်လို့လဲဆိုတော့ အဆိုက လောလောဆယ် ဆောင်ရွက်ရမယ့်ကိစ္စဆိုတော့ လွှတ်တော်မှာ ဆောင်ရွက်နိုင်တာက မေးခွန်းမေးမြန်းနိုင်တယ်၊ အဆိုတင်သွင်းနိုင်တယ်၊ အရေးကြီးအဆိုတင်သွင်း

နိုင်ရန် (၃)ချက်ရှိပါတယ်။ အရေးကြီးအဆိုက လောလောဆယ် ဆောင်ရွက်ရမယ့်ကိစ္စ။ ဒါကြောင့်မို့လို့ လည်း ကျွန်တော်တို့ ညွန်ကြားရေးမှူးချုပ်ဆီကမတင်ဘဲနဲ့ အစည်းအဝေးမစတင်ခင်၊ အစည်းအဝေး စတင်ချိန်မှာ ဥက္ကဋ္ဌကြီးဆီမှာ တိုက်ရိုက်တင်လို့ရတယ်။ ခုနက မေးခွန်းတို့၊ အဆိုတို့ကျတော့ တိုက်ရိုက် တင်လို့မရပါဘူး။ ညွှန်ကြားရေးမှူးချုပ်တင်၊ ညွှန်ကြားရေးမှူးချုပ်က Register လုပ် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရမှ သွားတာကြာတယ်ဆိုတော့၊ (၃)က ဘာလဲဆိုတော့ အဲလိုအဆိုတို့ မေးခွန်းတို့ တင်လို့ မရတဲ့ ကိစ္စဖြစ်ရမယ်။ ချက်ချင်းဆောင်ရွက်ရမယ်။ အဲဒါကြောင့်မို့လို့ ခုကိစ္စက မေးခွန်းတင်လို့ရတယ်၊ အဆိုတင်လို့ရတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်(၃)နဲ့လည်း မညီညွတ်ပါဘူး။

အဲဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကို ဒီအချက်တွေ အကုန်လုံးကျကျနန ရှင်းပြပြီးတော့ ဒါကြောင့် ဒီအဆိုကို ခွင့်မပြုဘူးလို့ သူ့ကို ကျွန်တော် ပြောလိုက်ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ခုနက ဖတ်ပြ သလို သတင်းစာထဲမှာ ပါလာတာ၊ Facebook ထဲမှာ ပါလာတာတွေကျတော့ ဥက္ကဋ္ဌက ဥပဒေတွေ ဖတ်ပြပါတယ်။ ဥပဒေနှင့် မညီပါဘူး။ တစ်ခုမှမပါဘူး။ မေးခွန်းပြောင်းလဲ မေးဖို့ပြောပါတယ်ဆိုတဲ့ အခါကျတော့ အဓိပ္ပာယ်တွေက တစ်အားကြီးပြောင်းသွားပြီးတော့ လွှတ်တော်ရဲ့ပုံရိပ်ကိုလည်း ထိခိုက်သွားခဲ့ပါတယ်။ ဒါ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ မလုပ်သင့်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌမပြောတဲ့ စကားကိုပြောပြီးတော့၊ ပြောတဲ့စကားကျတော့ ထိန်ချန်ထား တာပါ။ ဒါကြောင့် သူ့လုပ်ရပ်ကဘာလဲ၊ မမှန်သတင်းပေးတဲ့ အဖြစ်ပါသွားတယ်။ မှန်တဲ့အကြောင်း အရာတွေ ထိန်ချန်တဲ့ကိစ္စဖြစ်သွားတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တိုင်း ဒါ သတိထားဖို့ ပြောလိုပါတယ်။နောက်တစ်ခါ ကျွန်တော်ဆက်ဖတ်ပြပါမယ်။ သေချာသိသွားအောင် လွှတ်တော် ဥက္ကဋ္ဌ က ဒီအဆိုနဲ့ပတ်သက်လို့ အချက်အလက်တွေတော့ ပြည့်စုံတယ်၊ ဒါပေမဲ့ အစိုးရအဖွဲ့အစည်းတွေက တော့ ဒါတွေကို ဆောင်ရွက်နေတယ်၊ ဆောင်ရွက်နေတဲ့အပေါ်မှာ ဖြစ်စဥ်ကတော့ ကြာပြီ။ ဒါပေမဲ့ ဖြစ်စဥ်ကြာပြီဆိုပေမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်နေတဲ့အခါ ကိုယ့်မဲဆန္ဒနယ်မှာ ဖြစ်နေပြီး တိုင်းရင်းသားတွေက ပဋိပက္ခအပေါ်မှာ၊ စိုးရိမ်နေတဲ့အပေါ်မှာ ဘယ်လောက်ပဲ ဆောင်ရွက် ပေးပေး မပြည့်စုံတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် လွှတ်တော်မှာ တွန်းအား ပေးဖို့အနေနဲ့ ဒီအဆိုကိုတင်တယ်။ ဒါပေမဲ့ လွှတ်တော်ဥက္ကဋ္ဌက အဆိုနဲ့ပတ်သက်လို့ကြာပြီ၊ လုပ်လဲလုပ်ပေးတယ်။ ဒါပေမဲ့ ဒီအဆိုကို မေးခွန်းအနေနဲ့ လုပ်ပေးပါ။ ကျွန်တော်တို့ အကောင်းဆုံး ဖြစ်အောင် ကူညီပေးပါမယ်လို့ ပြန်ဖြေပေးပါတယ်ဟု အဆိုရှင် ဦးကျော်ကျော်ဝင်း က ပြောသည်။

ယင်းအဆိုနဲ့ ပတ်သက်၍ အဆိုရှင်အနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌစကားအတိုင်း မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းသွားမည်ဖြစ်ကြောင်း အဆိုဖြစ်သည့်အတွက် အားလုံးခြုံ၍ ပါသော် လည်း မေးခွန်းသို့ပြောင်းလဲ မေးမြန်းရမည် ဖြစ်သည့်အတွက် ဝန်ကြီးဌာနများခွဲ၍ တင်ရမည် ဖြစ်ကြောင်း၊ ထိုသို့အဆိုတင်သွင်းခွင့်မရခြင်းမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးဆုံး ရှုံးသည်ဟု ထင်မြင်ကြောင်း ဦးကျော်ကျော်ဝင်း က ဆက်ပြောပါသည်။ ဒါ ကိုယ်စားလှယ်ကြီးများ စဥ်းစားကြည့်ပါ။ သူ့အခွင့်အရေးဆုံးရှုံးတယ်။ ဥပဒေနှင့်မညီတဲ့ ကိစ္စတစ်ခုကို ခွင့်မပြုတာဟာ ဆုံးရှုံးမှုဖြစ်/မဖြစ် စဥ်းစားကြည့်ပါ။ ဒါသည် ဥပဒေဖတ်ကြည့်သိပါတယ်။ သို့သော် ကိုယ်စားလှယ်တွေ က အခွင့်အရေးတွေရှိတယ်။ အခွင့်အရေးတွေရှိသလို တာဝန်လည်းရှိပါတယ်။ ဆိုတော့ အဆို တင်သွင်းခွင့်ရှိတယ်။ ဒါမှန်တယ်။ ဒါသူ့အခွင့်အရေး။ အဆိုတင်တဲ့အခါမှာ ဘာတွေလိုက်နာရမလဲ၊

လိုက်နာရမှာက ကိုယ်စားလှယ်ရဲ့တာဝန် အစကတည်းက ကိုယ်တင်မယ့်ဟာ ဥပဒေနှင့် ပြည့်စုံမှု၊ မှန်ကန်မှုရှိ/မရှိ၊ ပြည့်စုံမှုရှိ/မရှိ အရင်ဆုံး ကိုယ်တာဝန်အရ ကိုယ်လေ့လာရမှာပါ၊ ပြည့်စုံတယ်ဆိုမှ ကိုယ့်အဆိုက တင်ရမှာပါ။ အဲဒီလို တင်လို့ရရင် ပြီးရောဆိုပြီး၊ ခုနက ဥပဒေ ကျွန်တော်ပြောပြသလို ဥပဒေတင်တဲ့ပုဒ်မတောင် အဆိုနဲ့ အရေးကြီးအဆိုတင်တာတောင်ကို ကွဲနေတယ်။ ဆိုတဲ့အခါကျတော့ သူ့ဘက်က ဘယ်လောက်ထိ ဥပဒေအရ ဆောင်ရွက်ပြီးလဲ။ ကိုယ့်ဘက်က ဥပဒေနှင့်အညီ မဆောင်ရွက်ဘဲနဲ့ ဥပဒေအရ မဆောင်ရွက်လို့ ဥက္ကဋ္ဌက ခွင့်မပြုတာကို သူ့အခွင့်အရေး ဆုံးရှုံးတယ် ဆိုတာကတော့ စဉ်းစားကြည့်ရင် အားလုံးသိနိုင်ပါတယ်။ ဒါ လွှတ်တော်ပုံရိပ်ကိုလည်း အများကြီး ထိခိုက်ပါတယ်။ ဒါက ပြောမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်ပေါ့ဆိုတော့၊ သဘောကဆိုတော့ ကျွန်တော် အာဏာသုံးတဲ့ ပုံစံမျိုးသက်ရောက်သွားပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာကလည်း ဥပဒေဘောင်ထဲမှာနေတယ်ဆိုတော့ ဥက္ကဋ္ဌပြောတဲ့အခါ ကျွန်တော်တို့ လိုက်နာရမှာပဲလေ။ ကျေနပ်မှုတော့မရဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အစိုးရဘယ်လောက်ပဲလုပ်လုပ် လွှတ်တော်ဆိုတာ အစိုးရအဖွဲ့ကို ခိုင်းတဲ့သဘောပေါ့။ ဒီမှာလည်း ကြည့်မယ်ဆိုရင် ကိုယ်စားလှယ်တော်ကြီးပြောဆိုတာ တစ်အားမှားပါတယ်။ ဘာလို့လဲဆိုတော့ သိပြီးဖြစ်ပါတယ်။ အာဏာကြီး(၃)ရပ်ကို ခွဲဝေပိုင်းခြားသုံးသပ်တယ်။ လွှတ်တော်က ဥပဒေပြုအာဏာလုပ်တယ်။ အစိုးရအုပ်ချုပ်ရေးအာဏာ သွားပြီးတော့ ခိုင်းလို့မရပါဘူး။ လွှမ်းမိုးလို့မရပါဘူး။ ဒါပေမဲ့ အစိုးရကို ခိုင်းတဲ့သဘောပေါ့ဆိုပြီးတော့ ဖြေသွားပါတယ်။ လွယ်လင့်တကူ သူပြောပါတယ်။ ခိုင်းတဲ့သဘောဆိုတာက လွှတ်တော်တစ်ခုရှိပါလျှက်နဲ့ ဒီကိစ္စအရေးပေါ်လာတဲ့အခါ ဘယ်အချိန်ပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ဒါကို လွှတ်တော်ထဲမှာ လုပ်ကိုလုပ်ရမယ့်အပိုင်းလေ။ ဒါမှမဟုတ်ဘူးဆိုရင် အစိုးရအဖွဲ့လုပ်တယ်ဆိုရင် လွှတ်တော်ဆိုတာ လုပ်စရာမှမလိုတော့တာ။ ဆိုတော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ လုပ်ဆောင်ချက်ကို ဒါအများကြီး သေးသိမ်သွားစေတဲ့ အပြောအဆိုပါ။ လွှတ်တော်ကိုယ်စားလှယ်ဆိုတာလည်း ဒီမေးခွန်းမေးဖို့၊ အဆိုတင်ဖို့မှမလိုတော့တာ။ ဒါတော့ ဝမ်းနည်းတာပေါ့။ အခွင့်အရေးကတော့ ဆုံးရှုံးတာပေါ့။ ဒါပေမဲ့ ဒီအခွင့်အရေးကို မဆုံးရှုံးရအောင် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကတော့ ဒါတွေကို ကျွန်တော်တို့ ပြန်ပြီးအကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါဟု ဦးကျော်ကျော်ဝင်း က ပြောကြားသည်။ လွှတ်တော်တွင် အဆိုတင်သွင်းခွင့်မရခြင်းမှာ ယင်းကိစ္စနှင့် ပတ်သက်၍ အခြားကိုယ်စားလှယ်များ၏ အယူအဆသဘောထားများကို ပြောကြားခွင့်မရ၍ လွှတ်တော်ကိုယ်စားလှယ်များအတွက်သာမက ပြည်သူများအနေဖြင့် မြေပြင်မှ အခြေအနေကို သိရှိခွင့်လည်း ဆုံးရှုံးကြောင်း ရခိုင်အမျိုးသားပါတီ လွှတ်တော်ကိုယ်စားလှယ်များက ဆိုသည်။

အမျိုးသားလွှတ်တော်မှာတော့ ဒေသခံတွေရဲ့ ဘဝလုံခြုံရေး၊ အေးချမ်းတည်ငြိမ်ရေးဆိုတဲ့ အနေအထားတွေကို ရလိုတဲ့အတွက် အဆိုတစ်ရပ်အနေနဲ့ လွှတ်တော်ကိုတင်ပြတာ။ အဆိုကို လက်ခံတာ၊ လက်မခံတာက လွှတ်တော်တွေရဲ့ ဥက္ကဋ္ဌ အကြီးအကဲတွေရဲ့ တာဝန်ပဲ၊ သူတို့လုပ်ပိုင်ခွင့် သူတို့ လက်မခံတဲ့အတွက်ကြောင့် ပြည်သူတွေမှာ ဆုံးရှုံးတာပေါ့။ဆိုတော့ ဒါကိုကြည့်လိုက်မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်များ နားလည်လောက်ပါတယ်။ ပြည်သူနှင့်လှည့်တိုက်ပေးတယ်။ လွှတ်တော်ဥက္ကဋ္ဌက ခွင့်မပြုလို့ ပြည်သူတွေ အခွင့်အရေးဆုံးရှုံးတယ် ဆိုပြီးတော့ ဒါလွှတ်တော်ဥက္ကဋ္ဌရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်သွားသလို ဒီလွှတ်တော်ဥက္ကဋ္ဌဦးစီးတဲ့ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာလည်း အများကြီး

ထိခိုက်သွားတဲ့ ပြောကြားမှုပါ။ ဆုံးရှုံးတယ်ဆိုတာ လွှတ်တော်ထဲမှာ ဒီအဆိုကို တင်သွင်းလိုက်တဲ့အခါ အဆိုတင်သွင်းတဲ့ စုဆောင်းထားတဲ့ အချက်အလက်တွေ၊ သူ့ အယူအဆတွေ၊ သူ့ရဲ့ အမြင်၊ သူ့သဘောထား အဲဒါတွေကို အဆိုနဲ့အတူတူ တင်ပြနိုင်သလို ဒီအဆိုကို လွှတ်တော်က လက်ခံလိုက်တဲ့အခါမှာ တစ်နိုင်ငံလုံးက ရောက်ရှိနေကြတဲ့ ကိုယ်စားလှယ်တွေ ဝိုင်းဝန်းဆွေးနွေးကြတဲ့ အတွက်ကြောင့် ဝိုင်းဝန်း ဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့်၊ တစ်နိုင်ငံလုံးကပြည်သူတွေ၊ ကိုယ်စားလှယ်တွေရဲ့ အမြင်အသီးသီး ကို တစ်နိုင်ငံလုံးက ကြားရတာပေါ့လေ။ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ရှိတာပေါ့။ အဲဒီတော့ ဒီအဆိုတင်တဲ့ လွှတ်တော်ကိုယ်စားလှယ်အယူအဆကို တချို့က ထောက်ခံဆွေးနွေးကြမယ်၊ တချို့က ဝေဖန်ဆွေးနွေးကြမယ်၊ အဲဒီအပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးတဲ့ ဝန်ကြီးဌာနက လာပြီး ဖြေမှာပေါ့။ ဖြေတဲ့အခါ ဝန်ကြီးဌာနရဲ့ ဖြေကြားချက်ဟာ ဒီဘက်မှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဆွေးနွေးထားတဲ့ ဆွေးနွေးချက်နှင့် ဘယ်လောက် ကွာဟမှုရှိသလဲ၊ ဘယ်လောက် သဟဇာတမှု ဖြစ်သလဲဆိုတာပြည်သူတွေက ဝေဖန်ဆွေးနွေးပေးဖို့ အခွင့်အလမ်းတွေ ရရှိကြတာပေါ့။ အဲဒီအပေါ်မှာ ပြည်သူတွေကလည်း အစိုးရရဲ့ အကောင်အထည်ဖော်နေတဲ့အလုပ်၊ အစိုးရရဲ့ အကောင်အထည်ဖော်ဖို့ ရည်ရွယ်ချက်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေမေးလိုက်တဲ့ မေးခွန်းတွေ၊ ဆက်စပ်ပြီးတော့ တကယ် ပြည်သူတွေရဲ့ လိုအပ်ချက်တွေဟာ မေးခွန်းတွေဟာ ပြည်သူတွေရဲ့ လိုအပ်ချက် ဟုတ်မဟုတ် အစိုးရဝန်ကြီးဌာနရဲ့ဖြေကြားချက်ဟာ ပြည်သူတွေရဲ့ လိုအပ်ချက် ဟုတ်/မဟုတ် ဆိုတာလည်း ပြည်သူတွေ တစ်ခါတည်းမြင်နေရတာပေါ့။ ကြားရတာပေါ့။ အခုတော့ ဒါတွေဆုံးရှုံးသွားတာပေါ့။ ရခိုင်အမျိုးသားပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် က ပြောကြားသည်။ ဒါကြည့်လိုက် မယ်ဆိုရင် ဒါကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးများ သဘောပေါက် လောက်ပါတယ်။ ဒီအသုံး အနှုန်းလေးတွေ ကြည့်လိုက်ခြင်းအားဖြင့် အဲဒီတော့ခုန ဒီအဆိုတင်တဲ့ ကိုယ်စားလှယ်အနေနဲ့ ဒါမပြောသင့်၊ မပြောထိုက်တဲ့ မမှန်တဲ့ဟာတွေ ပြောပြတာ။ ဒီဟာနဲ့တင်မကပါဘူး။ နောက် ကျွန်တော် ပြပါအုံးမယ်။ ဒါက ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ပြောကြားချက်ဟာ ဘယ်လောက်ထိ တာသွားသလဲဆိုတာသိအောင်။ BBC မောင်တောမြို့နယ် အနေအထား၊ အမျိုးသားလွှတ်တော်၌ အဆို တင်သွင်းခဲ့သည့်အပေါ် လွှတ်တော်မှ ခွင့်မပြုခြင်းနှင့် ပတ်သက်၍ တင်ပြချက်။ သောတရှင်များ ခင်ဗျား။ ရခိုင်ပြည်နယ် မောင်တောမြို့နယ် အခြေအနေနှင့်ပတ်သက်လို့ အမျိုးသားလွှတ်တော်မှာ အဆိုတစ်ခု တင်ပြရာမှာ လွှတ်တော်က ခွင့်မပြုဟုလို့သိရပါတယ်။ ဘာကြောင့် ခွင့်မပြုတာပါလဲ။ ဒီ အကြောင်း အပြည့်အစုံကို BBC သတင်းထောက် ကိုအောင်သူရ ကပြောပေးမှာဖြစ်ပါတယ်။ လွှတ်တော် က ခွင့်မပြုဘူးဆိုတာ ပါလာပါတယ်။

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်းမှာရှိတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ အသက် အန္တရာယ်ကင်းဝေးဖို့၊ စားဝတ်နေရေး အဆင်ပြေဖို့၊ ဘဝလုံလုံခြုံခြုံရပ်တည်နိုင်ဖို့၊ မတရားအကြမ်း ဖက်မှုတွေ၊ မတရားကျူးကျော်မှုတွေ၊ နောက်ထပ်မကျူးကျော်ရအောင် နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်း အဆိုကိုတင်သွင်းဖို့ ရခိုင်အမျိုးသားပါတီက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်း က လွှတ်တော်ကို တင်ပြခဲ့ပါတယ်။ ဒီတင်ပြချက်နှင့် ပတ်သက်ပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အဆိုအဖြစ်မတင်ဘဲ မေးခွန်းအဖြစ်သာတင်ဖို့ ပြောဆိုခဲ့တဲ့အကြောင်း ဦးကျော်ကျော်ဝင်း က BBC ကို အခုလိုပြောပြပါတယ်။ အဆိုနှင့်ပတ်သက်တဲ့ ဥပဒေအရကျတော့

အကုန်လုံးပြည့်စုံတယ်။ ငြင်းစရာအကြောင်းမရှိဘူး။ ဒါပေမဲ့ အဆိုနှင့်ပတ်သက်တဲ့ အခါကျတော့ အဆိုတစ်ခုကို လွှတ်တော်ထဲမှာ အမြဲတမ်း မှတ်တမ်းတင်နေရတယ်ဆိုရင် သူတို့အတွက်လည်း မကောင်းဘူး။ မေးခွန်းအဖြစ် တင်လိုက်တဲ့အခါကျတော့ ဒီအဆိုမှာပါတဲ့ အကြောင်းအရာတွေ မေးမြန်းခွင့်ရတော့မှာမဟုတ်ဘူး။ ဒါကို လွှတ်တော်ဥက္ကဋ္ဌကြီးက မေးခွန်းအဖြစ် ပြောင်းပေးပါဆိုပြီး သူက တောင်းတယ်ဆိုပြီးတော့ကာ အတိအလင်းကိုဆိုထားတာပါ။ အဆိုနှင့်ပတ်သက်တဲ့ ဥပဒေတွေကျတော့ အကုန်လုံးပြည့်စုံတယ်။ ငြင်းစရာအကြောင်းမရှိဘူးဆိုပြီးတော့ ဒါ ဥက္ကဋ္ဌက ပြောတယ်ဆိုပြီး သူကပြောသွားတယ်။

ခုန ကျွန်တော်အထက်က တင်ပြခဲ့သလိုပဲ သူရဲ့စာမှာ ပုဒ်မ ၁၆၄ နဲ့မညီညွတ်လို့ ဆိုပြီးတော့ ဒါ ဥက္ကဋ္ဌပြောတဲ့စကား အမှန်ကအဲဒါပါ။ ဒါခုန လွှတ်တော်ကိုယ်စားလှယ်များ ညွှန်ကြားရေးမှူးချုပ်ထံ မေးကြည့်နိုင်ပါတယ်။ ဒါ အဲဒီလိုဖြစ်မှာစိုးလို့ ညွှန်ကြားရေးမှူးချုပ်ကို သက်သေအဖြစ်ခေါ်ထားပြီးတော့ကို ပြောတာပါ။ အဲဒီတော့ တကယ်တမ်း ဥက္ကဋ္ဌ ပြောတဲ့စကားက ဥပဒေနှင့်မညီလို့ လက်မခံတာ။ သူရဲ့ဒီမှာ ဥပဒေအရကျ အကုန်လုံးပြည့်စုံတယ်။ မေးခွန်းပြောင်းဆိုတော့၊ ဒါ ဥက္ကဋ္ဌမပြောတဲ့စကား။ မဟုတ်မမှန်လုပ်ကြံ ပြောတဲ့စကား ဖြစ်သွားပါတယ်။ ဘာရည်ရွယ်ချက်နဲ့ ပြောလဲဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ ဒါဥက္ကဋ္ဌအနေနဲ့ အဲဒါတော့အကွက်ကျကျ ဆောင်ရွက်တယ်လို့ပဲမြင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ကိုယ့်ဒေသမှာ ဖြစ်ပျက်နေတာတွေ၊ တစ်နိုင်ငံလုံးမှာ ဖြစ်ပျက်နေတာတွေနဲ့ ပတ်သက်လို့ လွှတ်တော်မှာ အဆိုတင်ခွင့်ရှိသလို မေးခွန်းလည်းမေးခွင့်ရှိပါတယ်။ အကြောင်းအရာတစ်ခုနှင့်ပတ်သက်လို့ အဆိုအဖြစ်တင်ခွင့်ရရင် အဲဒီအဆိုနဲ့ ပတ်သက်လို့ အခြားသောလွှတ်တော်ကိုယ်စားလှယ်တွေက အပြန်အလှန်ဆွေးနွေးပြီး မဲခွဲဆုံးဖြတ်ရပါတယ်။ မဲခွဲဆုံးဖြတ်လို့ အဆိုဟာ အတည်ဖြစ်သွားရင်တော့ အဆိုရှင်ရဲ့တိုက်တွန်းချက်တွေကို အစိုးရအနေနဲ့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ မေးခွန်းအဖြစ်သာ မေးခွင့်ရရင်တော့ မေးခွန်းနဲ့ပတ်သက်တဲ့ အဖြေကိုသာ သက်ဆိုင်ရာ ဝန်ကြီးဌာနက လာရောက်ဖြေကြားရမှာ ဖြစ်ပါတယ်။ အခုလို အဆိုကနေ မေးခွန်းအဖြစ် ပြောင်းလဲခံရတာဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အခွင့်အရေးဆုံးရှုံးမှု တစ်ခုဖြစ်တယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က အခုလိုပြောပါတယ်။ မေးခွန်းမေးတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က လွှတ်တော်ကတစ်ဆင့် အစိုးရအဖွဲ့ကို တင်လိုက်ရင် အစိုးရအဖွဲ့က ဝန်ကြီးဌာနတစ်ခုကို ဒီမေးခွန်းကိုအပ်လိုက်တာ၊ သက်ဆိုင်ရာဝန်ကြီးဌာနက သူရဲ့အယူအဆနဲ့ လွှတ်တော်ကိုလာပြီးတော့ ဖြေလိုက်ရင်ပြီးသွားပြီ။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ပါဝင်ဆွေးနွေးခွင့်လည်း မရှိဘူး။ ပြည်တွင်းရဲ့အခြေအနေကို အမှန်အတိုင်း ပြည်သူတွေ ကြားခွင့်သိခွင့်မရလိုက်ဘူးပေါ့။ မေးခွန်းနဲ့ ဆီလျော်တဲ့အဖြေတွေ ပေးချင်လည်းပေးမယ်။ မဆီလျော်တဲ့အဖြေတွေပေးချင်လည်း ပေးမယ်။ အဲဒီလိုဟာတွေ လွှတ်တော်မှာ ခဏခဏတွေ့ရတယ်။ အဆိုတစ်ခုကနေ မေးခွန်းအဖြစ် ပြောင်းလဲခံရတယ်ဆိုတာဟာဆုံးရှုံးမှုပါပဲ။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်တည်းမဟုတ်ဘူး။ ပြည်သူတွေအတွက်လည်း ဆုံးရှုံးမှုဖြစ်ပါတယ်ဆိုပြီး ဒီလိုပါရှိပါတယ်။

အဲဒီတော့ ကျွန်တော်တင်ပြသလိုပဲ။ ကျွန်တော်ဥပဒေအတိုင်း လုပ်ပါတယ်။ စပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ အရေးကြီးအဆိုကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄ အရ တင်ရမှာကို အရေးကြီးအဆိုကို ၁၅၆ ပုဒ်မနဲ့ ညွှန်းပြီး တင်ထားပါတယ်။ အဲဒါကိုပဲ ဒါတွက်ကြည့်လိုက်ရင် ဖတ်ကြည့်လိုက်ပါ။ ကိုယ်စားလှယ်လုပ်တဲ့ လုပ်ရပ်က မှန်သလား၊ ဥပဒေနှင့် ညီသလား

လို့ဆိုတာ အဲဒီမှာကတည်းက ထင်ထင်ရှားရှားပေါ်နေပါတယ်။ ဥပဒေနှင့် မညီညွတ်လို့ ဥက္ကဋ္ဌက ခွင့်မပြုတာကို မေးခွန်းပြောင်းတင်ခိုင်းတယ်ဆိုပြီး မဟုတ်မမှန်ပြောတာကတော့၊ အဲဒါက ဒါ ဥက္ကဋ္ဌကို ရော၊ လွှတ်တော်ကိုရော ပုံရိပ်တွေကို ထိခိုက်စေပါတယ်။ ဒါကြောင့်မိုလို့ရှိပါသေးတယ်။ ကျွန်တော် ဖတ်ဖူးတဲ့အထဲမှာ သံတော်ဆင့်မှာ ဘယ်လိုပါလဲဆိုတော့ ရခိုင်အရေးအဆို အမျိုးသားလွှတ်တော်တွင် အပယ်ခံရ။ လက်ရှိအကြမ်းဖက်မှုများ ဖြစ်ပေါ်နေသော ရခိုင်ပြည်နယ်၊ မောင်တောခရိုင်အတွင်း ဒေသခံတိုင်းရင်းသားမျိုးနွယ်စုအားလုံး အသက်အန္တရာယ်ကင်းဝေးပြီး စားဝတ်နေရေးအဆင်ပြေစွာ ဘဝလုံလုံခြုံခြုံရပ်တည်နိုင်ရေး အကြမ်းဖက်သမားများ၊ ကျူးကျော်သူများ နောက်ထပ် မကျူးကျော် နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ရခိုင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မြေအမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ အရေးကြီးအဆိုအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းကိစ္စများသည် အစိုးရက လက်ရှိဆောင်ရွက်နေဆဲဖြစ်သဖြင့် အဆိုအဖြစ် တင်သွင်းခွင့်မပြုဘဲ မေးခွန်းအဖြစ်သာ မေးမြန်းရန် သဘောထားပေးခဲ့ကြောင်း အဆိုတင်သွင်းသူက ပြော၏။ ယင်းအတွက် မေးခွန်းအဖြစ် အပိုင်းလိုက် ကဏ္ဍခွဲကာ ဆက်လက်မေးမြန်းသွားမည်ဖြစ်ပြီး ယင်းအဆိုမှာ ပါတီဗဟို၏ ဆုံးဖြတ်ချက်အရ တင်သွင်း ခြင်းဖြစ်ကြောင်း ရခိုင်အမျိုးသားပါတီဝင်လည်းဖြစ်သော ဦးကျော်ကျော်ဝင်း က ပြော၏။ ဆိုတဲ့အခါ ကျတော့ ဒီဟာကကြည့်လိုက်မယ်ဆိုရင် ဒါ အပေါ်က တင်ခိုင်းလို့သာ သူတင်တယ်။ ဥပဒေကို မကြည့်ဘူးဆိုတဲ့သဘော သက်ရောက်သွားပါတယ်။ ဒါကြောင့်မိုလို့ ခုနကိုယ်စားလှယ်အနေနဲ့ နောက်တစ်ခါ လွှတ်တော်တွင်းမှာ လွှတ်တော်ကိစ္စတွေကို ဆောင်ရွက်မယ်ဆိုရင် ဥပဒေကို ကျေကျေ ညက်ညက်ဖတ်ပါ။ ညီညွတ်မှတင်ပါ။ မညီညွတ်လို့ရှိရင်ကတော့ ဥက္ကဋ္ဌအနေနဲ့ ဘယ်တော့မှ ခွင့်ပြုမှာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာဟာ လူကြီးလူကောင်းပါ။ လူကြီးလူကောင်း စာရင်းဝင်တွေပါ။ ဒီလိုအခြေအနေ ပြည်သူလူထု အထင်အမြင် မှားသွားနိုင်တဲ့၊ ဥက္ကဋ္ဌမပြောတဲ့ စကားကို အပြောလုပ်ပြောတယ်။ ပြောတဲ့စကား ထိန်ချန်တယ်ဆိုတာ ဒါ လူကြီးလူကောင်းတွေရဲ့ လုပ်ရပ်မဟုတ်ပါဘူး။ နောက်နောင် လူကြီးလူကောင်းပီသစွာပြောဆိုလုပ်ကိုင်ဖို့ သတိပေးပါတယ်။

နောက်အခု ထပ်တင်ပြချင်ပါတယ်။ အခု ဒီသာမန်အဆို ဆိုပြီး တင်လိုက်တယ်။ ဥက္ကဋ္ဌ ခွင့်ပြုပေးခဲ့တယ်။ ခွင့်မပြုလို့ရတယ်။ ခွင့်မပြုဘဲ သူ့ကို အခန်းထဲမှာ ဘာကြောင့် မညီလဲရှင်းပြရင် ဒီလိုပဲဖြစ်လာမှာစိုးလို့ ခွင့်ပြုပေးလိုက်တယ်။ ဘာလို့မညီလဲဆိုရင် ဒါပေါ့ ခုနလွှတ်တော်ကိုယ်စားလှယ်က အခွင့်အရေးရှိသလို တာဝန်တွေလည်းရှိပါတယ်။ သာမန်အဆိုက ခုန ၁၅၆ ပါ။ ခုန ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ ဒါ တင်လို့ရပါတယ်။ ဒီအဆိုများနဲ့ပတ်သက်လို့ ကန့်သတ်ချက်များကို ပြန်လည် ၁၅၈ မှာ ပြဋ္ဌာန်းထားပါတယ်။ ၁၅၈ ရဲ့ (စ)မှာ ဥက္ကဋ္ဌက ခွင့်မပြုရ သေးမီ မည်သူ့အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်းမပြုရ။ ဥပဒေက ကျကျနန ပြဋ္ဌာန်းထားတာပါ။ ဥက္ကဋ္ဌက ခွင့်မပြုရသေးမီ မည်သူ့အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်းမပြုရ။ အခု ဥက္ကဋ္ဌကခွင့်ပြုလိုက် တယ်။ ဥက္ကဋ္ဌ ခွင့်မပြုခင်ကတည်းက စာစောင်ထဲမှာ ခုတင်တဲ့အဆိုအတိုင်းသည်၊ ၏၊ မရွေးအကုန် ကြေညာထားပြီးသားဖြစ်တယ်။ ဒါကိုကြည့်လိုက်မယ်ဆိုရင် အခုတင်တဲ့အဆိုဟာ ၁၅၈၊ အပိုဒ်ခွဲ (စ)နဲ့ မညီညွတ်ဘူး။ ညိစွန်းနေတယ်။ ဥက္ကဋ္ဌ လက်မခံလို့ရတယ်။ ဒါပေမဲ့ ခုနလိုလက်မခံလိုက်ရင် ထပ်ပြီးတော့ လွှတ်တော်ရဲ့ ပုံရိပ်တွေထိခိုက်မယ်။

ဒါကြောင့်မို့လို့ ဒီဟာကိုလက်ခံပြီး လွှတ်တော်မှာ ရှင်းလင်းလိုက်မှ ကိုယ်စားလှယ်အနေနဲ့ လိုက်နာနိုင်မယ်။ လိုက်နာလိမ့်မယ်လို့ ယူဆပြီးတော့ လက်ခံပြီးတော့ လွှတ်တော်မှာ ရှင်းလင်းတင်ပြရခြင်း ဖြစ်ပါတယ်။

ဦးကျော်ကျော်ဝင်း အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။ ကျွန်တော် အခုတင်တဲ့အဆိုနှင့် ပတ်သက်လို့ အဆိုကိုပြန်ရုပ်သိမ်းပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ နောက်ပြီးတော့ သူရုပ်သိမ်းတာကို ကျန်တဲ့ကိုယ်စားလှယ်များ ကန့်ကွက်ဖို့ရှိပါသလား။ ကိုယ်စားလှယ်ရဲ့ဆန္ဒအရ ဒါရုပ်သိမ်းခွင့်ပြုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၄) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၁၁နာရီအချိန်တွင် ရပ်နားပါသည်။]